၁၁၁၄၇

**ရိုက်နှိပ်သူ၊**

ဦးကျော်မြင့်၊ ယာယီမှတ်ပုံတင်အမှတ်(၀၀၂)
အတုလဝတီစာပုံနှိပ်တိုက်-ဈေးလမ်း၊
စစ်ကိုင်းမြို့။

**ထုတ်ဝေသူ၊**

ဦးညွန့်ရင်၊ ယာယီမှတ်ပုံတင်အမှတ်(၀၀၁)
ညွန့်စာပေတိုက်-ဈေးလမ်း၊
စစ်ကိုင်းမြို့။

**ဖြန့်ချီသူ၊**

ဦးလှကလေး–အတွင်းရေးမှူး,
ဝေဠုဝန် ငါးထပ်ကြီးဘုရား, ဂေါပက အဖွဲ့၊
စစ်ကိုင်းမြို့။

စစ်ကိုင်းမြို့၊

# ( ဝေဠုဝန် )

# ငါးထပ်ကြီး-ဘုရားသမိုင်း။

ပြုစုရေးသားသူ၊
" လယ်တီ-ဦးလှပိုင် "

စစ်ကိုင်းမြို့။
အတုလဝတီစာပုံနှိပ်တိုက်၊
ပထမနှိပ် အုပ်ရေ-၁၀၀၀။

စစ်ကိုင်းမြို့၊
ငါးထပ်ကြီးဘုရားသမိုင်း၊



စစ်ကိုင်းမြို့၊
ဝေဠုဝန်–ငါးထပ်ကြီးဘုရား
ရုပ်ပွါးတော်ကြီးပုံ။

# သမိုင်းနိဒါန်း၊

ဉုံ–မံ ပါလေတု သူရဿတိ.........။

စစ်ကိုင်းမြို့၊ (ဝေဠုဝန်) ဘွဲ့တော်ရ ငါးထပ်ကြီးဘုရား ဂေါပကအဖွဲ့ရှိလေသည်။

ထိုအဖွဲ့ဝင်လူကြီးမင်းတို့သည်၊ ဤသမိုင်း ပြုစုသူအား **"ငါးထပ်ကြီးဘုရားသမိုင်း"** တစောင်တဖွဲ့ပြုစုရေးသား ပေးရန် လွန်ခဲ့သော ၃-နှစ်ကျော်ကပင် အကြိမ်ကြိမ် တောင်းပန်ခဲ့ဘူးလေပြီ။

အကြောင်း အမျိုးမျိုးကြောင့် ပြုစုရေးသားခွင့်မရရှိသော်လည်း ရေးခွင့်တချိန် ရရှိ၍၊ ဂေါပကအဖွဲ့နှင့် စာပေမြတ်နိုးကြသူ ဗဟုသုတ, ရှာဖွေကြသူများ၏ လိုလားသောဆန္ဒကို ဖြည့်စွမ်းပြည့်ဝနိုင်စေရန် ရည်သန်ချက် အမြဲကိန်းဝပ်လျက်ပင် ရှိလေသည်။

ဤ စစ်ကိုင်းမြို့ကို **"သာတိုးတိုင်း စစ်ကိုင်းတည်"** ဟူသော ရာဇဝင်လင်္ကာနှင့်အညီ သက္ကရာဇ် ၆၇၇–ခုနှစ် ပင်းယ တစီးရှင် သီဟသူမင်းတရား၏ သားတော်ဖြစ်သော"အသင်္ခယာ စောယွန်းမင်း"သည်၊ မူလရင်းအမည် "အတုလဝတီ" သမုတ်ပြီး လျှင် မြို့ပြအင်္ဂါ-စုံလင်စွာဖြင့် ထီးသစ်, နန်းသစ်, တည်ထောင် ဖန်ဆင်းခဲ့လေသည်။

ဤ–အတုလဝတီ အမည်ဟောင်းရှိသော စစ်ကိုင်းမင်းဆက်(၇)ဆက်တို့ ထီးနန်းစိုးစံခဲ့ရာ မင်းနေပြည်တော်ကြီး ဖြစ်၍

လည်း အသာယာဆုံး, မြို့ဟု ဆိုထိုက်ပါပေသည်၊ မြို့၏ နောက်ခံ ရှုခင်းသာလှသော ဇေယျာပဗ္ဗတ စစ်ကိုင်းတောင်,မင်းဝံတောင် တန်းနှင့် ချောင်အခန်းခန်းတို့ကလည်း သာသနာရေးဖက်တွင် အဆင့်အတန်းမြင့်မားလှသဖြင့် ကြည်နူးမဆုံး,ဖြစ်လေသည်။

စိမ်းညိုရစ်သန်း မြရည်ဆွတ်ဖျန်းထားသကဲ့သို့လည်းရှိ၍ အလွန်တင့်မောလှပေသည်၊ ရွှေရောင်တောက်ပနေသော စရပ် ဟန်ဆောင်း ဂူကျောင်းပြာသာဒ် ဓါတ်မွေသရီ စေတီပုထိုး အမျိုးမျိုးတို့သည်လည်း စစ်ကိုင်းမြို့၏ကျက်သရေကို ဆောင်နေ သကဲ့သို့ ရှိလေသည်။

လူမျိုးမရွေး မလာချင်·လာချင်အောင်လည်း ဆွဲဆောင် နိုင်သော အညှို့ဓါတ်ရှိသည်ဟု ဆိုရပေမည်၊ ရဟန်းရှင်လူ ပြည်သူ တို့ အလိုဆန္ဒပြည့်အောင် ကိုယ်တွေ့လာရောက်၍ ဖူးကြရလျှင် သဒ္ဓါကြွနှံ့မြူး၍ ကြည်နူးစေလေသည်။

အဘယ်ပုဂ္ဂိုလ်တို့ကိုသော်လည်း၊ ဤစစ်ကိုင်းတောင်နှင့် မြို့တွင်း မြို့ပြင်ရှိ စေတီပုထိုး အမျိုးမျိုးသော သာသနိက အဆောက်အဦတို့သည်၊ လာချင်အောင် အသစ်နှိုးသကဲ့သို့၊ မဖြစ်စဖူးသော သဒ္ဓါထူးတွေ့ မကြည်နူး မနှစ်သက်စေနိုင်ဘဲ ရှိပါတော့အံ့နည်း။

ဤသို့ ရုပ်ပွါးစေတီတို့ ကိန်းဝပ်စံပျော်တော်မူရာ ဤ— မြို့စစ်ကိုင်းတွင် သမိုင်းတင်ရေးသားလိုသော “ ဝေဠုဝန် ငါးထပ်ကြီးဘုရား” သည်ကား တန်ခိုးကြီးမား၍၊ ထင်ရှားပေါ် လွင်သော ပွဲတော်ရ, အပါဝင် ဘုရားတဆူပင်ဖြစ်လေသည်။

ဤ ဘုရားပွဲတော် ရက်များတွင် အရပ်လေးမျက်နှာမှ စိတ်ဝင်စားစွာ လာရောက်ကြည့်ညိုကြသော ဘုရားဖူးများသည် **ပျားပန်းခတ်** မျှ စည်ကားသိုက်မြိုက်လှပေသည်။

ဤ=ငါးထပ်ကြီးဘုရားသမိုင်းတွင် အင်းဝခေတ် ငါးထပ်ကြီး ဘုရားဒါယကာ "မင်းရဲရန္တမိတ်" ၏ အဆက်အနွယ်တော် အကြောင်းအရာများကိုလည်း အတန်ငယ် ဖေါ်ပြလိုက်ရပေသည်၊ ဤသမိုင်းဖြစ်မြောက်ရေးအတွက် မှန်နန်းရာဇဝင်တော်နှင့် သမိုင်းနှင့်စပ်ရာ မှတ်တမ်းများကိုလည်း ခိုင်မာတိကျစွာ မှီးရလေသည်။

ဤ-သမိုင်းကိုအထောက်အကူရရှိနိုင်ရန် ဤငါးထပ်ကြီး ဘုရားသမိုင်းဟောင်း ပေမူရှိသည်ဟု ယုံကြည်လောက်သောဌာနမှ မိတ်ဆွေများ၏ အကူအညီဖြင့် လေ့လာ ရှာဖွေသော်လည်း လူပမ်း ငွေကုန်ရုံမျှသာ ထူးခြားခဲ့လေသည်၊ မိမိ လိုလားသော ရှေးဟောင်းသမိုင်းပေမူကိုကား ယခုတိုင် စုံစမ်းရှာဖွေ၍ မရရှိခဲ့လေသည်။

သမိုင်းတစောင်တဖွဲ့ ရေးခြင်းမှာ လွယ်ကူသော အရာမဟုတ်ပါပေ။ သက္ကရာဇ် အထောက်အထား, မခိုင်လုံဘဲ စာရေးသူ၏ အတ္တနောမတိမျှဖြင့်ဖေါ်ပြလျှင် ပညာရှင်တို့လက်ခံ ကျေနပ်နိုင်လိမ့်မည်လည်း မဟုတ်ပါချေ။

နေ-လ နှစ်ပါးကို ကမ္ဘာဦးသူ လူသတ္တဝါတို့သည်၊လွန်စွာ မြှော်လင့်တောင့်တ,ကြသကဲ့သို့ ဤသမိုင်းကို မြှော်လင့် တောင့်တကြကုန်သော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့မှာလည်း အား


ပါးတရဲ ဝါဂွမ်းကို ဆီထိသကဲ့သို့ ပီတိဖြစ်ပွါးကြတော့မည် ဟူ၍လည်း ယုံကြည်မြှော်လင့်ရပေသည်။

ဤသမိုင်းသည် ပြည့်စုံကြွယ်ဝသော သမိုင်းသစ်တစောင်တဖွဲ့ ပေါ်မလာမီအတွင်း ဖတ်ရှုကြသူတို့အား အမှန်ဗဟုသုတ ဖြည့်စွမ်းနိုင်စေ၍၊ ကြည်ညိုဖွယ်ဖြစ်ပါမူ ဤသမိုင်းကို ပြုစုရေး သားရကျိုးနပ်ပေပြီဟု လက်ပန်းပေါက်ခတ် ဝမ်းမြောက်ရပေတော့မည်၊ ဤသမိုင်းပြုစုရာတွင် လိုအပ်သော အကူအညီပေးကြသော အတုလဝတီပုံနှိပ်တိုက်—ပထမကျော်, ဦးကျော်မြင့် နှင့် အထက်တန်းရှေ့နေကြီး,ဦးဖေတင် တို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိကြောင်းကိုလည်း ဖော်ပြလိုပါသည်။

ဗုဒ္ဓဘာသာဝင်အပေါင်း သူတော်ကောင်းတို့သည်၊ ဤ=သမိုင်းဖြစ်ရပ်စဉ်များကို ကောင်းစွာသိကြရသဖြင့် ဓမ္မသံဝေဂ, ရရှိခြင်း၊ ဤငါးထပ်ကြီးဘုရားအား ကြည်ညိုသဒ္ဓါ စေတနာ တိုးပွါးခြင်း ကုသိုလ်ဖြစ်ရာ ဖြစ်ကြောင်း ကောင်းသောရည်သန်ခြင်း,စသော အကျိုးထူးများကို မြှော်မြင်ကိုးစားလျက်၊ သောမနဿစိတ်, မပြတ်ခိုလှုံ သက်ဝင် ယုံကြည်ကြစေနိုင်ရန် ဖြစ်ပါသတည်း........။

၁၃၂၀-ခု၊ဒုတိယဝါဆိုလဆန်း
၁၁-ရက်၊ကြာသပတေးနေ့
(၂၀-၇-၅၆)

**"လယ်တီ-ဦးလှမိုင်"**
(မွှာစရိယ-ပါဠိပထမကျော်)



ငါးထပ်ကြီးရုပ်ပွါးတော် အပေါ်
တံဆောင်းနှင့်မျက်နှာတော်ပုံ။

# စစ်ကိုင်းမြို့၊ (ဝေဠုဝန်) ငါးထပ်ကြီးဘုရား သမိုင်း။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ၊

~~~~~~

**တောင်ငူ မှ၊ အင်းဝ ခေတ်သို့၊**

“ပရမေလျှံ ပြောင်၊ ဖုန်းစက်ရောင်ဖြင့် အခေါင်တုလွတ် ဇာတိမြတ်၍၊ လူနတ်အပုံ၊ မေတ္တာရုံက၊ ကြွင်စုံမက်မော၊ မျက်ခြည်ပြောမျှ၊ ဖြူစော သဖွယ်၊ အရွယ်ရောင်ဆင်း ရှင့်ဘမင်းကို သနင်းစောမိ၊ ရှင့်ဘေးကြီးနှင့် ဝေးနိုး ကျေညာ၊ မည်သာကျော်ဟိုး၊ ရှင့်, ချစ်ဘိုးလည်း၊ တန်ခိုးကြိမ်းဝါး၊ တမွတ်ထားလျက် .......

ငါ့သားရန်ငူး၊ တန်ခိုးမြူးဟု၊ ကျေးဇူးမိုးမြင့်၊ မြင့်မိုရ်ဆင့်သို့၊ တို့ရှင့်မျိုးစုံ၊ စံထုံ ရမည်၊ မှတ်တော် ရည်ရှင့်၊ စံလည်ပုံသေး၊ ဘိုးဘေးမူလ၊ ကျင့်စာရန္ဒင့် ထွန်းပလက်ရိုး၊ အောင်မျို့ကျုံး၍၊ ပြည်လုံး**တောင်ငူ** ဘုရာ ယူသည်။ ။

ထိမ့်ဆူတည့်နှိုးဝေး၊ ပွဲတင်ကြွေး........”
~~~~~~

တောင်ငူခေတ် စာဆိုတော်=လျှော်ကား သုံးထောင်မျှူး ဖွဲ့ဆိုသော **"တပင်ရွှေထီးချင်း"**မှ ကောက်နုတ်ချက်အရ ကေတုမတီ—တောင်ငူခေတ်၏ ထူးခြားသော မင်းတရား တပင်ရွှေထီးလက်ထက်အခါက ဖြစ်လေသည်။

အရိမဒ္ဒန, ပုဂံပြည်ကြီး ပျက်စီးခဲ့ပြီးနောက် ကေတုမတီ တောင်ငူသည်၊ ရှမ်းလူမျိုးတို့၏ ဖိစီးနှိပ်စက်မှုဘေးမှ ပြေးဝင်လာကြသော အထက်မြန်မာနိုင်ငံမှ မြန်မာ လူမျိုးများ၏ မှီတင် ခိုလှုံရာ နယ်မြေဒေသ ဖြစ်လေသည်။

ပုဂံမင်းဆက် ၅၂=ဆက်မြောက် တရုပ်ပြေး မင်းလက်ထက်၊ သက္ကရာဇ် (၆၄၁) ခုနှစ်၌၊ သဝန်ကြီး, နှင့် သဝန်ငယ် ညီနောင်တို့က တောင်ငူကို မင်းပြု၍ ဦးစွာတည်တောင်သည် ဟု၊ ရာဇဝင်တို့၌ အဆိုရှိလေသည်။

တနည်း ဆိုရသော် ပုဂံပြည် အလောင်းစည်သူမင်း (၅၅၃) တိုင်းခန်းလှည့်လည်ရာ ဤဒေသသို့ ဆိုက်ရောက်တော်မူလျှင် လူစွမ်းကောင်း အနန္တသူရိယ ဘွဲ့ရသော ရန်မန်ထွေးကို တွေ့ရာမှ—ဇေယျသိခ်မင်းသား၏ နှစ်မတော်နှင့် ၎င်းရန်မန်ထွေး တို့—စုံဖက်၍၊ သား မင်းလှစော ကို ဖွားမြင်လေသည်၊ မင်းလှစော၏ သားမှာ သဝန်လကျ်ာဖြစ်၍၊ သဝန်လကျ်ာ၏ သားများ ဖြစ်သော သဝန်ကြီးနှင့် သဝန်ငယ်တို့ ညီနောင်နှစ်ပါးက ဤ-တောင်ငူခေတ်ကို ဦးစွာတည်ထောင်သည်ဟု တောင်ငူသမိုင်းတွင် အဆိုရှိပြန်သည်။

ဤသမိုင်းအရဆိုလျှင် ဝါရီရူ တလိုင်းမင်းသည်၊ သဝန် လက်ျာကိုဖမ်း၍၊ ကွပ်မျက်လေလျှင် သားတော်နှစ်ပါးတို့က ပေါင်းလောင်းမြစ် ခေါ်သော စစ်တောင်းမြစ်ကို ဆန်တက်၍၊ တောင်ပူစာ တခုတွင် "**တောင်ငူ** " သမုတ် တည်ထောင်ခဲ့မှ "**တောင်ငူ**" ဖြစ်လာရလေသည်။

သဝန်ကြီး, သဝန့်ငယ်မှစ၍၊ မင်းကြီးညို, သားတော် တပင်ရွှေထီး မင်းတရားလက်ထက်တိုင် တောင်ငူ သမိုင်းအရ သား,မြေးစဉ်ဆက်များက စိုးမိုး၍၊အုပ်ချုပ်လာခဲ့ရာ မင်းကြီးညို လက်ထက်အထိ ဖြစ်လေ၏။ သက္ကရာဇ် ၈၄၇=ခု၊ မင်းကြီးညို သည်၊ တောင်ငူကို အုပ်ချုပ်စိုးစံခဲ့သည် ဆိုသော်လည်း အင်းဝ, ဘုရင်များ၏ လက်အောက်ခံမျှသာဖြစ်၏၊ ထိုအချိန်က အင်းဝ တွင် မင်းဆက် ၂၀=ခန့်တွင် ရွှေနန်းကြော့ရှင် ဘုရင် နရပတိမင်း အုပ်စိုးနေချိန်ဖြစ်၏။ ရွှေနန်းကြော့ရှင်သည်၊ တောင်ငူမင်းကြီး ညို အား ဘုရင်ခံခန့်၍၊ တလိုင်းတို့ဘေးရန်ကို တွန်းလှန်စေ လေ၏။

တောင်ငူနယ်ပယ်ကို၊ အုပ်စိုးနေသော မင်းကြီးညိုသည် တောင်ငူမြို့ဟောင်း၏ မြောက်ဖက်တွင် "မြဝတီမြို့သစ်" သမုတ် တည်ခြင်း၊ မြောက်ဖက်ရှိ ရေလွှဲငါးခရိုင်၏ ဘုရင်ခံ ရွှေနန်း ကြော့ရှင်၏ညီတော် မင်းရဲကျော်စွာကို တိုက်ခိုက်သိမ်းပိုက်ခြင်း တောင်ငူမြို့ဟောင်း၌ စည်းခုံစေတီတည်ခြင်း, ပေါင်းလောင်း မြစ်ကမ်းထိပ်၌ "ဒွါရဝတီ "မြို့သစ်ထပ်မံတည်ခြင်းများ ပြုလုပ်ပြီး လျှင် ဒွါရဝတီ မြို့တော်တွင် စိုးစံနေစဉ် ဟံသာဝတီမှ ဗညားရံတို့

တလိုင်းတပ်ကြီး လာရောက် တိုက်ခိုက်သည်ကို ပြန်လည်ခုခံ သိမ်းပိုက်ရာ ဗိုလ်ပါ,လက်နက် စားနပ်ရိက္ခာ အမြောက်အမြား ရရှိစုဆောင်းမိလေ၏။

ထိုအခါ အင်းဝ-ရွှေနန်းကြော့ရှင် ဘုရင်မင်းမြတ်သည် မင်းကြီးညို၏နှလုံးရည် လက်ရုံးရည်များကို လွန်စွာအားရတော်မူ၍၊ "မဟာသိရိဇေယျသူရ" ဘွဲ့နှင့်တကွ မင်းမြောက်တန်ဆာ ငါးပါးကို ပေးအပ်ကာ အသီးအခြား မင်းပြုစေလျက် ရေလွှဲ ငါးခရိုင်နယ်ကိုပါ အုပ်ချုပ်စေ၏။

မင်းကြီးညိုသည်၊ လက်နက် ဗိုလ်ပါ စားနပ်ရိက္ခာ စသည်တို့ ပြည့်ဝစုံလင်လာသောအခါ အင်းဝရွှေနန်းကြော့ရှင်ကို ပုန်ကန် ခြားနားလျက်"**တောင်ငူဘုရင်**"အဖြစ်ဖြင့်သီးခြား မင်းပြုနေလေ၏။

စစ်ကိုင်း ပင်းယ အင်းဝခေတ် အသီးသီးတို့၌၊ ရှမ်းတို့ ကြီးစိုးနေရာ မျိုးမတ်ပညာရှိ ရဟန်း ရှင်လူ အပေါင်းတို့သည်၊ တောင်ငူ-မင်းကြီးညိုထံသို့ ခိုလှုံနေကြလေ၏။

မင်းကြီးညိုသည်၊ သီဟိုဠ်ဆရာတော် လောကုတ္တရာ ဆရာတော် တောင်ညိုပဥ္စင်းကျော် ဆရာတော်နှင့် ကျက်ဖတိုင် တလိုင်း ဆရာတော်များ ပါဝင်တော်မူ၍၊ လူပညာရှိတို့အား နှီးနှောတိုင်ပင်ပြီးလျှင် သက္ကရာဇ် ၈၇၂-ခုနှစ်၌"**ကေတုမတီ**" အမည်ရှိသော တောင်ငူမြို့တော်အသစ်ကိုတည်ထောင်၍၊ဆင်အုကန်တော်ကြီး,ကို ဆည်ဖို့ခြင်းစသော လောကီ လောကုတ္တရာ

အကျိုးစီးပွါးတို့ကို ပြုစုလျက်ရှိရာ များစွာ စည်ကားသိုက်မြိုက် နေလေ၏။

မင်းကြီးညိုသည်၊ "ငန္ဒေကုန်း=(ယခု လယ်ဝေး) သူကြီး၏ သမီး, ရုပ်ဆင်းအင်္ဂါ=ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော **ခင်ဦး** ကို၊ မိဖုရားမြှောက်တော်မူ၏။

# တပင်ရွှေထီးမင်း၊

မင်းကြီးညို၏ မိဖုရားများမှ ငန္ဒေကုန်းသူ ခင်ဦး,နောင်အခါ "ရာဇဒေဝီ" ဘွဲ့ရ၍၊ထိုမိဖုရား ခင်ဦးမှ သက္ကရာဇ် ၈၇၈-ခု၊ကဆုန် လပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့၌၊ "**တပင်ရွှေထီး**" ကို ကြီးကျယ်ခမ်းနားသော တိတ်ကြီး, နိမိတ်ကြီးများ ပြလျက်၊ ဖွါးမြင်လေ၏။ မင်းဟာရားရွှေထီး၏ ဖွါးဖက်တော်များလည်း တထောင်မျှရှိလေ၏။ ထိုတွင် ရှင်ရဲထွတ်ကား -ဖွါးဖက်တော် အကြီးတော်ချုပ်ဖြစ်လာလေ၏။ရှင်ရဲထွတ်ကား၊တပင်ရွှေထီး၏ အထိန်းတော်ကြီး ငါးဦးအနက်=မင်းကြီးဆွေ (မင်းရဲသိခ်သူ)၏ သားတော်ဖြစ်၏။ရှင်ရဲထွတ်လည်း တိတ်နိမိတ်ကြီးများ ပြလျက် ဖွားမြင်လာရာ မင်းကြီးဆွေ၏ဆရာ, ရှင်မဟိန္ဒမထေရ်မြတ် က လည်း "နောက်ဆုံးဆင်ကြီး၊ စွယ်ရောင်ဖြူ၊ အမြီးသွယ်ရှင် ဖါးလတံ့"ဟူသော တံဘောင်အရ တပင်ရွှေထီးနောက် "ဆင်ဖြူ ရှင် မင်းတရားကြီး"အဖြစ်နှင့် တိုင်းနိုင်ငံအဝှမ်း, ကျယ်ပြန့်စွာ တည်ထောင်အုပ်စိုးရမည့် နိမိတ်အရေးကိုလည်း၊ မြော်တွေး၍၊ နိမိတ်ဖတ်,ဟောကြားတော်မူခဲ့၏။ တပင်ရွှေထီး၏ အမတော်

သခင်ကြီးနှင့် စုံဖက်တော်မူ၏။ ကျော်ထင် နော်ရထာဘွဲ့နှင့်ရှင်း ဘုရင့်နောင်ဘွဲ့နှင့်ရှင်း။ ထင်ရှားလေ၏။

သက္ကရာဇ်၈၉၂ ခုနှစ်တွင် မင်းတရား တပင်ရွှေထီးသည် ခမည်းတော်၏ အရိုက်အရာတော်ကို သက်တော် ၁၄ နှစ်သား အရွယ်ကပင် တောင်ငူ(ကေတုမတီ)နေပြည်တော်ကို ဆက်လက် စိုးစံခဲ့ရာ ဘုန်းသမ္ဘာတော်လည်း လွန်စွာကြီးမားလှပေ၏။

တပင်ရွှေထီး, လက်ထက်တော်တွင် ဟံသာဝတီပြည် (သရေခေတ္တရာ)ရခိုင်=အင်းဝ, မိုးညှင်း၊ ဗန်းမော်၊ အုန်းဘောင် စသော ပြည်နယ်များ အစိပ်စိပ် အမွှာမွှာ ကွဲပြား၍လျက် ကိုယ် မင်း ကိုယ်ချင်းအဖြစ် ခြားနားနေကြသည်ကိုလည်း ရှင်းလင်း၍ တစုတည်း တပေါင်းတည်း အဖြစ်၊ တောင်ငူနိုင်ငံတော် တည် ထောင် အုပ်စိုးနိုင်သော အစွမ်းသတ္တိရှိလေသည်။

မြန်မာနိုင်ငံအားလုံးကို သိမ်းကျုံး အုပ်စိုးနိုင်ခဲ့သော မင်းတရား ရွှေထီးသည်၊ သက္ကရာဇ် ၉၀၁-ခုနှစ် တောင်ငူမှ ပဲခူး၊ ဟံသာဝတီသို့ ရွှေ့ပြောင်းလျက် ထီးသစ် နန်းသစ် တည်ထောင် စိုးစံတော်မူစဉ် ၉၁၂–ခုနှစ်တွင် နတ်ရွာစံရလေသည်။

ထိုနောက် ၉၁၄–ခုမှ ၉၄၃-ခုနှစ်အထိ တပင်ရွှေထီး ၏ ယောက်ဖတော် ဘုရင့်နောင်သည်၊ ဆင်ဖြူများအရှင် အဖြစ်ဖြင့် ဆက်လက်၍ အုပ်စိုးလေ၏။ ထိုမင်းကား မြန်မာနိုင်ငံတော်ကို အကျယ်ပြန့်ဆုံး စုစည်း၍ တည်ထောင်နိုင်သော ဘုန်းလက်ရုံး, သမ္ဘာနှင့် ပြည့်စုံသော မင်းတပါးဖြစ်လေ၏။

မြန်မာနိုင်ငံနှင့်တကွ ယိုးဒယား—ဇင်းမယ်၊ အရှေ့ရှမ်း မြောက်ရှမ်း၊ မဏိပူရ စသည့်တို့ပြင်၊ ဗင်္ဂလား, ရခိုင်၊ စသည့် နိုင်ငံများကိုပါ သိမ်းပိုက်ခဲ့လေသည်။

သက္ကရာဇ် ၉၄၃ မှ ၉၆၁ ခု အထိ ဘုရင့်နောင်၏ သား တော် နန္ဒဘုရင် (ငါးဆူဒါယကာ) မင်းသည်၊ ဟံသာဝတီတွင် ခမည်းတော် အရိုက်အရာတော်ကို စိုးစံခဲ့လေ၏။ ထိုမင်း လက် ထက်တွင် ခမည်းတော် ဘုရင့်နောင်၏ နိုင်ငံတော်ကြီး, ဝါး အစည်းပြေသကဲ့သို့ အစုအစည်း ပြိုကွဲရလေသည်။ ထိုအချိန် က အင်းဝသည်၊ ဘုရင်ခံ,အဖြစ်နှင့် အုပ်စိုးနေထိုင်ရာ မြို့ကလေး မျှသာ ဖြစ်လေ၏။ အင်းဝဘုရင်ခံခေတ်မှာ ၉၁၆ မှ ၉၅၉ ခုအထိ (အင်းဝတွင် မင်းလစ်လပ်နေသော ၄—နှစ်အပါဝင်) နှစ်ပေါင်း ၄၃-နှစ်မျှ ကြာခဲ့လေသည်။

ပဲခူး-ဟံသာဝတီ-နေပြည်တော်၌၊ စိုးစံခဲ့သော ဟံသာ ဝတီ ဆင်ဖြူရှင် မင်းတရားလက်ထက် သီဟိုဠ်ကျွန်း ဓမ္မပါလ မင်းဆက်သဘော ဘုရားရှင်တော်မြတ်၏ **စွယ်တော်အစစ်နှင့် မြသပိတ်တော်**တို့ကို နန်းစဉ်ကိုးကွယ်တော်မူကြရာမှ ဟံသာ ဝတီ-ဆင်ဖြူရှင်, နတ်ရွာစံပြီးနောက် သားတော် ငါးဆူဒါယကာ မင်းလက်ထက် နိုင်ငံတော် အစိပ်စိပ် အမြွာမြွာ ပျက်ပြားခဲ့ သော်လည်း ထိုစွယ်တော်စစ်နှင့် မြသပိတ်တော်ကို အစဉ်အလာ ဆက်လက်၍ ကိုးကွယ်ပူဇော်ကြလေသည်။


ယင်းသို့ ပျက်ပြားခဲ့ကြရာတွင် ဟံသာဝတီ ဆင်ဖြူရှင် မင်းတရားကြီး၏သားတော် အငယ် "ရှင်သစ္စာ" အမည်ခံ

ညောင်ရမ်းမြို့စား, မင်းသားယည် ဗေဒင်တတ်, အင်းအိုင် ခလဲ့, ဗါမဲ့၊ ဗါးတမော့ အကျော် ဆရာတော်များနှင့် တိုင်ပင်ကာ၊ ညောင်ရမ်းမှ ခွဲခွါပြီးလျှင် ၄-နှစ်တိုင်တိုင် မင်းဆက်ပြတ်ကင်း၍၊ ယိုယွင်းပျက်စီးလျက် ရှိနေသော ရတနာပူရ အင်းဝ,မြို့တော်ကြီးကို သက္ကရာဇ် ၉၅၉-ခုနှစ်တွင် **ဒုတိယ အကြိမ်** အသစ်တဖန် တည်ထောင်အုပ်စိုးခဲ့ပြန်သည်။

# သာလွန်မင်း၊

ညောင်ရမ်းမင်းတရားသည်၊နန်းစည်းစိမ် ၈-နှစ် သက္ကရာဇ် ၉၆၇-ခုနှစ်တွင် လွန်တော်မူရာ သားတော်အကြီး, **အနောက်ဖက်လွန်မင်း** သည်၊ ခမည်းတော် အရိုက် အရာတော်ကို ဆက်ခံတော်မူသည်။ အနောက်ဖက်လွန်မင်း,သည်လည်း စည်းစိမ် ၂၃-နှစ်၊ သက္ကရာဇ် ၉၉၀-ပြည့်တွင် ပဲခူး ချောင်းသစ် အနောက်ဖက်တွင် ယာယီစံနေစဉ် ၎င်း၏သားတော်,မင်းရဲဒိဗ္ဗ လုပ်ကြံသဖြင့် နတ်ရွာစံရလေသည်၊၎င်းမင်းကို ချောင်းအနောက်ဖက်တွင် နတ်ရွာစံရသောကြောင့် "အနောက်ဖက်လွန်မင်း" ဟု ရာဇဝင်တို့၌ ခေါ်ဆိုခြင်းပြုလေသည်။

အနောက်ဖက်လွန်မင်း၏ ညီတော် **သာလွန်မင်း** သည် ဟံသာဝတီ နေပြည်တော်၌၊ မင်းပြုနေသော အဘသတ်— မင်းရဲဒိဗ္ဗကို ဖမ်းဆီးသတ်ဖြတ်၍၊ နောင်တော်၏ အရိုက်အရာ အင်းဝ ရွှေနန်းကို သက္ကရာဇ် ၉၉၀ မှ ၁၀၁၀ အထိ၊ ဆက်ခံ စိုးစံတော်မူသည်။



ပရဝုဏ်အတွင်း တံဆောင်းတော်ကြီးများ၊

# သာလွန်မင်းတရားလက်ထက်၊

## မြန်မာနိုင်ငံ သာလွန်စည်ကားနေခြင်း။

ရတနာပူရ အင်းဝနေပြည်တော်ကြီးကို ဒုတိယအကြိမ် ဆက်လက်တည်ထောင်ခဲ့သော ညောင်ရမ်း မင်းတရားကြီးတွင် **သားတော်** ၃-ပါးနှင့် သမီးတော် ၄-ပါး ထွန်းကားလေ၏။ သားတော် ၃-ပါးတွင် ငယ်မည် **သခင်လတ်** နောင်အခါ အနောက်ဖက်လွန်မင်း **သားတော်**အလတ် ငယ်မည် **သခင်ကြီး** ခမည်းတော်လက်ထက် မင်းရဲသိင်္ခသူ ဘွဲ့နှင့် တလုပ်မြို့**စား** ဖြစ်သည်၊ နောင်တော် အနောက်ဖက်လွန်မင်း အထွတ်အထိပ်သို့ ရောက်လျှင် သတိုးဓမ္မရာဇာ ဘွဲ့နှင့် ထင်ရှား၍ နောင်အခါ သာလွန်မင်းတရားဟု ကျော်စောလေသည်။

သားတော်အငယ် ငယ်မည်၊ **သခင်ဖြူ**၊ ခမည်းတော် ညောင်ရမ်းလက်ထက် စကုမြို့**စား**၊ နောင်အခါ သာလွန်မင်း (နောင်တော်)လက်ထက် မင်းရဲကျော်စွာ အဖြစ်နှင့် ထင်ရှားခဲ့သည်၊ နောင်တော် သာလွန်မင်းသည်၊ တိုင်းပြည်နိုင်ငံကို အုပ်စိုးသည့်အခါ ညီငယ် မင်းရဲကျော်စွာအား "အိမ်ရှေ့ ဥပရာဇာ" အပ်နှင်းခဲ့သည်။

အိမ်ရှေ့ ဥပရာဇာအဖြစ် အပ်နှင်းခြင်း ခံရသော ညီငယ် မင်းရဲကျော်စွာသည်၊ သက္ကရာဇ် (၁၀၀၉) ခုနှစ်၊ ဒုတိယ ဝါဆို လပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့ ညဉ့်လေးချက်တီးကျော်

ငါးမောင်းအပေါ်၌ နောင်တော် သာလွန်မင်းတရားလက်ထက်မှာပင် နတ်ရွာစံလွန်တော်မူသည်။ သာလွန်မင်းတရားသည်။ ညီတော်၏ အလောင်းကို အိမ်ရှေ့မင်းတို့အား သင်္ဂြိုဟ်သည့်နည်းအတိုင်း ခမ်းနားစွာ သင်္ဂြိုဟ်လေ၏။ ထိုအိမ်ရှေ့မင်းတွင် သားတော် ၂ ပါး နှင့် သမီးတော် ၆—ပါးမျှ ကျန်ရစ်ခဲ့လေ၏။

သာလွန်မင်းတရားသည်၊ သိရီသုဓမ္မရာဇာ မဟာဓိပတိဘွဲ့ကို ခံယူ၍၊ ပြည်ထဲရေးရာများကို သုတ်သင်ရှင်းလင်း ငြိမ်းအေးစေပြီးနောက် **"ဒေဝါနံ ပိယတိဿ"** မင်းကြီးကဲ့သို့၊ ရာဇာဘိသေက နှစ်ကြိမ်ခံလျက် ရတနာပူရ အင်းဝနေပြည်တော်ကြီးကို ပြုပြင်စီရင်ပြီးလျှင် ကြီးကျယ်ခမ်းနားလှသောနန်းတော် အဆောင်ဆောင် ပြာသာဒ် အဆောင်ဆောင် တို့ကို ၅—လနှင့်အပြီး တည်ထောင်၍ စိုးစံလေ၏။ သာလွန်မင်းတရား၏ နန်းဖွင့်ရာတွင် ရဟန်း စာဆိုတော် ပုဂ္ဂိုလ်ကျော် "ရှင်ကရဝိက" ဖွဲ့ဆိုသည့် ပိုဒ်စုံရတုလည်းရှိ၏။

သက္ကရာဇ် ၁၀၀၀ ပြည့်၌ ဟံသာဝတီနှင့် တောင်ငူတို့မှ မင်းသား မင်းသမီးတို့အား ခမည်းတော်ဘုရား၏ အမြိတ် အစွန်တော် မင်းသား မင်းသမီးတို့နှင့် စုံဖက်တော်မူ၏။ သာလွန်မင်းရားကြီး၏ သားတော် သခင်ကျော် ကို **"မင်းရဲရန္တမိတ်"** ဟူသောဘွဲ့ဖြင့် ချီးမြှောက်၍ သမီးတော် **"ခင်မင်းကျ"** နှင့် စုံဖက်ကာ=**မင်းတာလဲမြို့** ကို အပိုင်စား သနားတော်မူ၏။ သားတော်လတ် **သခင်ဖြူ** ကို သမီးတော် **မင်းဖြူ** နှင့် စုံဖက်၍၊ ပြင်စည်မြို့ ကို စားစေ၏။ သားတော်အငယ် **သခင်ညို** ကို၊

ညီတော် မင်းရဲကျော်စွာ၏ သမီးတော် **ခင်မဝင်းဖြူ** နှင့် စုံဖက်၍ ပထမဆုံး တိုင်တားမြို့ကို ပေးပြီးနောက် ကန္ဒမြို့ ကို စားစေ၏။ သားထွေး **သခင်တလုပ်** ကို သမီးတော် **ဆင်းကောင်ပျို** နှင့် စုံဖက်၍ အမြင့်မြို့ ကို စားစေ၏။

နောင်တော် အနောက်ဖက်လွန်မင်း၏ သားတော်, **မင်းရဲအောင်တင်** ကို သမီးတော် **ရွှေဆင်းတု** နှင့် စုံဖက်၍ စည်ပုတ္တာရာမြို့ကို စားစေ၏။

ထိုသာလွန်မင်းတရား လက်ထက်တော်၌၊ တိုင်းပြည် သာယာအေးချမ်းလှပေ၏၊ ဆည်မြောင်း စသည်တို့ကိုလည်း နိုင်ငံတော် စိုပြေသာယာစေရန် အဖက်ဖက်မှ စီမံခန့်ခွဲခြင်း ပြုလေ၏။ ဆည်မြောင်းများ ဆက်သွယ်ခြင်းဖြင့် နိုင်ငံတော်၏ လယ်ယာမြေများ ဖွံ့ဖြိုးလာသည်နှင့်အမျှ အုပ်ချုပ်ရေးစံနစ် ကောင်းမွန်ရန် မြေ့ရှင် နှင့် မြေငှါး, စံနစ်တို့ကို ပြုပြင်ပြောင်း လဲခဲ့လေ၏။

အလွန်သာယာအေးချမ်းလှသော သာလွန်မင်း၏ အုပ် စိုးရာ နယ်မြေအတွင်းသို့ လူမျိုးစုံ ရွှေ့ပြောင်း လာကြခြင်းမှာ မထူးဆန်းလှတော့ပေ။

လူမျိုးပေါင်းစုံ နေထိုင်စေခြင်းဖြင့် အကျိုးဖြစ်ထွန်း သည်မှာ မိမိတို့၏ အရှင်သခင် ဘုရင်မင်းတပါး အရေးကြုံသည့် အခါ၊ စစ်သည်တော် အမြောက်အမြား စုဆောင်းနိုင်ခြင်း အကျိုးကို ရရှိလေသည်။

သာလွန်မင်းတရားလက်ထက်တွင် အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲရာ၌၊ အရေးပါသော ဥပဒေကျမ်းလည်း ပေါ်ထွက်လာလေ၏။ ထိုကျမ်းကား ယခုတိုင် အသုံးပြုနေကြရသော အမတ်ကြီး **ကိုင်းရွာစား** ပြုစုရေးသားသော်"**မနုသာရရွှေမျဉ်း**" သို့မဟုတ် မဟာရာဇဓမ္မသတ် ကျမ်းတဆူဖြစ်သည်။ မြန်မာဗုဒ္ဓဘာသာ ထွန်းတမ်းစဉ်လာနှင့် စပ်လျဉ်းလာလျှင် ဤ-ကျမ်းကို များစွာ အကိုးအကား ပြုကြရ၏။

ဤမင်းသည်၊ မြန်မာစာပေကိုလည်း အားပေးချီးမြှောက်၏၊ သတ်ပုံသတ်ညွှန်းများကို အထူးအရေးယူ၍၊ အက္ခရပဘေဒ နှင့် သဗ္ဗဉာဏ်၊ ချီ—သတ်ပုံကျမ်းကို လိုက်နာရသည့်ပြင် ထိုသတ်ပုံမှမပါ ကြွင်းကျန်သည်တို့ကို **နန္ဒယော်ဒါ** အမတ်ကြီး၏ ဆုံးဖြတ်ရာ လိုက်နာရလေသည်။ ရှမ်း—ယွန်း အက္ခရာများမှာ **ဇေယျနော်ရထာ**၊ ဆုံးဖြတ်ရာ လိုက်နာရပေသည်။ **မြို့ဝန်ကို** နသတ်၍ မရေးဘဲ သေးသေးတင်၍ မြို့ဝန်(မြို့ကွပ်) မဟုတ်ပြီ။ တောမှာ **ဝံ** ဖြစ်သည်ဟု မိန့်ကာ၊ စာရေးသူအား ရာဇဝတ်ဒဏ် သင့်ခံရသည်မှာ ဤမင်းလက်ထက်ကပင်ဖြစ်သည်။

ဤမင်းကား မြန်မာနိုင်ငံကို ပြန်လည်တည်ဆောက်ရေးနှင့် အများပြည်သူတို့၏ ငြိမ်းချမ်းသာယာရေး, စီးပွါးရေးတို့ကို အာရုံပြု ဆောင်ရွက်ခဲ့သော တိုင်းပြု ပြည်ပြု မင်းတပါးဟု ဆိုရပေမည်။ နိုင်ငံရပ်ခြား, တိုင်းတပါးနှင့် စီးပွါးရေး, ရောင်းဝယ်ဆက်သွယ်ရေးတို့ကိုလည်း ဆောင်ရွက်စီမံခဲ့၏။

ဘာသာရေးဖက်တွင်လည်း စိတ်ပါဝင်စားတော်မူလှသည့် အလျှောက် ရဟန်း-လူ ပညာရှိပုဂ္ဂိုလ်ကျော်များကို ချီးမြှောက် အရေးပေးခဲ့လေသည်။

နောင်တော် အနော်ရထာဖက်လွန်မင်းသည်၊ ပြည်မြို့ကို လုပ်ကြံသိမ်းပိုက်ခဲ့စဉ်က **"ရှင်တဆူ-လူတယောက်သာ ရခဲ့သည်"** ဟူသော ဥဒါန်းစကားတွင် ရှင်တဆူမှာ တိပိဋကာ လင်္ကာရ ဆရာတော် **တောင်ဘီလာ** ပုဂ္ဂိုလ်ကျော်ဖြစ်၍၊ လူတယောက်မှာ ၁၃ နှစ်အရွယ်ရှိ အမှုထမ်းကောင်း ရဲစွမ်း သတ္တိနှင့် သစ္စာရှိလှသော **"ငထင်ငယ်"** ဖြစ်သည်။ နောက် ငထင်ငယ်ကို နန္ဒယော်ဓါဘွဲ့နှင့် ချီးမြှောက်၍၊ ဤသာလွန်မင်း လက်ထက်တွင် "မဟာတရဖျား" ဘွဲ့ကို သနားချီးမြှင့်လေသည်။

တောင်ဘီလာဆရာတော်သည် သူငယ်ဘဝ၌ ကျော် စောခြင်း၊သာမဏေကျော်, ပဉ္စင်းကျော်, မဟာထေရ်ကျော်, ဟု ကျော်စောခြင်းလေးပါး နှင့် ပြည့်စုံတော်မူသော ပုဂ္ဂိုလ်ကျော် တည်း။ ဘွဲ့တော်မှာ **မုနိန္ဒဃောသ** ဖြစ်၍၊ တံဆိပ်မှာ တိပိဋကာလင်္ကာရ မဟာရာဇဂုရု-တည်း။ ပုခန်းကြီးမြို့ ဇာတိ, **ရွှေဥမင်ဆရာတော်**။ ၎င်းဆရာတော်ကို **"ဇမ္ဗူဒီပဓဇ"** ဘွဲ့တော်ပေးအပ်သည်။ ပုခန်းကြီးမြို့၊ ကျေးလက်ပိုက်သင်ရွာ ဇာတိ၊ **ရှင်ကရဝိက** ပုဂ္ဂိုလ်ကျော် စာဆိုတော်တပါးဖြစ်၏။ ဤပုဂ္ဂိုလ်ကျော်ကား ပထမ ကျော်အောင်စံထား ဆရာတော်၏ တပည့်တည်း။

ထို့ပြင် အဝပဍ္ဍင်းကျော်အဖြစ် ထင်ရှားသော အရိယာ လင်္ကာရဆရာ**တော်** ရတနာကရ ဆရာတော် လောကုတ္တရာ ဆရာတော်, မဏိကုဏ္ဍလ ကျမ်းပြု ဝရာဘိသင်္ဃနာထဆရာတော် နတ်စက်ရောင်ဆရာတော် ဘားမဲ့ ဘားတမော့ အကျော် ဆရာ တော်များနှင့် သာလွန်မင်းလက်ထက်ကပင် **စစ်ကိုင်းဘုံသာ တုလွတ်ကျောင်းတိုက်နေ၊** နိရုတ္တိသာရ မဉ္ဇူသာကျမ်းပြု **ဒါဌာနာဂရာဇဂုရု** စသော ဆရာတော်တို့နှင့် တပည့် အစဉ် အဆက် ဆရာတော်များမှာ ထင်ရှားကျော်စောသော ဆရာ တော်တို့ဖြစ်၏။ **သာလွန်**မင်းကြီး၏**သား**တော်, **မင်းရဲရန္တမိတ်,** သည်, ဤ ဒါဌာနာဂရာဇဂုရု ဆရာတော် သီတင်းသုံးရာ ဘုံသာ တုလွတ်ကျောင်းတိုက်အနီးတွင် ဝေဠုဝန်ဘွဲ့တော်ဖြင့် ငါးထပ် ကြီး,ဘုရားကို တည်ထားပူဇော်လေသည်။

မွန်-ရှမ်း-ယွန်း မြန်မာ ရဟန်းတော် ပုဂ္ဂိုလ်ကျော်များ သာ ပေါ်ထွက်ခဲ့သည်မဟုတ်ပေ။ လူပညာရှိများလည်း ထွန်း ကားခဲ့လေသည်။ ဝန်ကြီး ဘယဂါမဏိ၊ ဝန်ကြီးဗျညားကျန်း တော၊ ဝန်ကြီးနန္ဒယော်ဓါ ကိုင်းရွာစား, မနုရာဇာ စသည်တို့ ဖြစ်၏။

အထူးသဖြင့် သာသနာရေးဖက်တွင် ပိဋကသုံးပုံ ရေး ဖြေ စာမေးပွဲကို စတင်၍၊ ကျင်းပခဲ့သည်မှာလည်း ဤမင်း လက်ထက်ပင်ဖြစ်၏။ သို့ဖြစ်၍ ဤမင်းလက်ထက်၌၊ အဖက်ဖက် မှ၊ စံနစ်ပြောင်းလဲ တိုးတက်ပြီးလျှင် တိုင်းကားပြည်ရွာ စည်ကါး ခဲ့သောကြောင့် ...

"တိုင်းကားပြည်ရွာသာလွန်၍ရှင်း၊
ရွှေနန်းတော်ထက်တွင် သာယာစွာ လွန်ရ၍ရှင်း၊
**" သာလွန်မင်းတရား "** ဟူ၍၊ ရာဇဝင် ဆရာတို့ ရေးသား ခဲ့ခြင်း ဖြစ်လေသည်။

★

## သားတော် ပင်းတလဲမြို့စား (မင်းရဲရန္တမိတ်)

## အိမ်ရှေ့-ဥပရာဇာ အဖြစ်နှင့် စိုးစံစဉ်၊

" စံရာတောင်ကျွန်း-သုံးလူ့ဥသျှောင် ကျင်ကိုလေ မင်းမင်းမျှော် ထိပ်ခေါင်တင် × ၊
သောင်မြေပြင်ယံလေး — ထီးဆူဆူကိုလေ စိုးလို့ မိုးတော်မူ....၊
မြို့နန်းကိုယ်လေ, သာယာမျိုးယံကို × ဆိုသော် များအံ့ဘွယ်၊ ထက်ကျွန်းယံစံ၊ စံတိုင်းဆောင်ပြောင် ပြောင် ထွန်းလို့ညီး၊
ရောကြီးထင်ပေါ် × သွယ်ဖြူးမြင့်လှလေ... ရွှေဖုန်း ရွှေဖုန်းတော်လေထည့်မှ လွန်ကဲစည်ထွန်းပေါ်၊ သက် တော် ရာကျော်လျှမ်းမျှမျှ × × ရွှေနန်းမှာစံရာသည်၊

ရှည်ပင်သာရှည်ကြောင်းပပဝင်း × တောင်ဇမ္ဗူ
ကျွန်းပတ်လုံး × ပြည်တရာမင်းခညွတ်ရိုး × ”


* * * * *

အထက်ပါ “သာနိုးပျော်ဘွယ်ကြိုး” ကို အိမ်ရှေ့မဟာဥပရာဇာခမ်းဆောင်၌၊ အဆိုတော်များက စောင်းဖြင့် ဖြေဖျော်ကျူးရင့်နေကြခြင်းဖြစ်လေသည်။

ခမည်းတော် သာလွန်မင်းတရားကြီး၏ ညီတော်“မင်းရဲကျော်စွာ” အိမ်ရှေ့ဥပရာဇာသည်၊ သက္ကရာဇ် ၁၀၀၉-ခု၊ ဒုတိယဝါဆိုလအတွင်း၊ နတ်ရွာစံလေရာ **ပင်းတလဲမြို့စား မင်းရဲရန္တမိတ်** သည် ထိုနှစ်မှာပင် အိမ်ရှေ့အရာ နှင်းအပ်ခြင်းခံရ၍၊ အိမ်ရှေ့စံ မိဖုရားနှင့်အတူ သဥ္စာခမ်းဆောင်တွင် စံတော်မူစဉ် သာယာကြည်နူးဘွယ်ကြိုးဖြင့် သီဆိုဖြေဖျော်နေကြလေသည်။

ကြိုး ဘွဲ့ သီချင်းခံ တို့မှာ စောင်း နှင့် ဖြေဖျော်ရာ၌၊ “ သံရိုး ” ဟူ၍ရင်း “ ညှင်းလုံး ” ဟူ၍ရင်း ခေါ်လေသည်၊ (ခုနစ်သံ)တိုင် တီးမှုတ်ကြရသည်။

စောင်းမတီးမီ စောင်းကြိုးများကိုလည်း ညှိနေရသည်၊ ညှင်းလုံးခေါ် ခုနစ်သံ—သံရိုးဖြင့်လည်း စောင်းကို ညှိရ၏၊ လေးပေါက်အောက်ပြန် ပုလဲသံမှန် မြင်စိုင်း ငါးပေါက်ဒူလကခွေး ခြောက်သွယ်အညွန့် ပြန်တော်ပြန် ဟူ၍၊ စောင်းကြိုး ညှိရာ၌၊ ၇-မျိုးမျှ ရှိခဲ့လေသည်။



ဂန္ဓကုဋိတိုက်အဝင်
ပန်းတကဲတော်ကြီးပုံ။

ညှင်းလုံးခုနှစ်သံရိုး- လေးပေါက်- ပုလဲသီ- ဝါးပေါက် နှင့် ပြည်တော်ပြန်တို့မှာ ကြိုး=ဘွဲ့သီချင်းခံ ပတ်ပျိုးတို့၌သာ တီးမှုတ် ကြရလေသည်။

ပတ်ပျိုးသီချင်းခံတို့မှာ စောင်းတွင် လေးပေါက်အေါက် ပြန် ညှိထားရာ၌၊ သီဆိုကြရသော်လည်း ပတ်ပျိုးကိုကား ပုလဲ ပေါက်များတွင်လည်း ဆိုနိုင် တီးနိုင်ကြပေသည်။

အိမ်ရှေ့မင်းသည်၊ ဂီတနှင့် အနုပညာကို မြတ်နိုးတော် မူသည်နှင့်အညီ ညနေစောင်း နေရီရီတွင် အမြဲလိုပင် တီးမှုတ် ဖြေဖျော်စေကြရပေသည်၊ ဂီတ သည်၊ ချိုမြိန်လှသည်နှင့် အမျ မင်းညီ မင်းသား မဟာနွယ်များမှာ ဂီတ, အနုပညာ၌၊ ပို၍ နှစ်သက်ကြ၏။ ပို၍အရသာခံယူကြ၏၊

" ပတ်တလျားလူလေ၊ ပုလွေကျွဲကျောင်း၊ စောင်းမှာ မင်းမျိုး....'' ဟူ၍လည်း ဆိုရိုးစကားရှိခဲ့ပေသည်။

* * * * *

# ကောင်းမှုတော်စေတီကြီး၊

သာလွန်မင်းတရား၏ ကောင်းမှုတော်ဖြစ်၍၊ ကောင်းမှု တော်စေတီကြီး ဟူ၍လည်း ခေါ်ဆိုလေသည်၊ ဘွဲ့တော်မှာ **"ရာဇမဏိစူဠာ"** ဖြစ်သည်။ ဤကောင်းမှုတော် စေတီကို သက္ကရာဇ် ၉၉၈=ခုနှစ်ကာလ၌၊ တည်ဆောက်မူခဲ့သည်။

သာလွန်မင်းတရားကြီးသည်၊ နန်းစဉ် ကိုးကွယ်ပူဇော်ခဲ့သော ဘုရားရှင်၏စွယ်တော်အစစ်နှင့်သပိတ်တော်ကို ဌာပနာ၍ စစ်ကိုင်းအနောက်မြောက်ယွန်းတွင် တည်ခဲ့ခြင်းဖြစ်ရာ အမြင့်သံတောင် **၁၁၀** အဝန်း **၄၇၂** တောင်မျှ ရှိတော်မူလေသည်။

၎င်းကောင်းမှုတော်စေတီကြီးကား—ငါးထပ်ကြီး, ဘုရားသမိုင်းရေးရာတွင် တစိတ်တဒေသ,အားဖြင့် ဖော်ပြမှသာလျှင် **ငါးထပ်ကြီးဘုရားသမိုင်း** ပြုစုရာ၌၊ ပြည့်စုံနိုင်ပေလိမ့်မည်။

ကောင်းမှုတော်စေတီမြတ်ကြီးကား— ကမ္ဘာပေါ်တွင် အကြီးမားဆုံးနှင့် အခိုင်ခန့်ဆုံး ဆိုက ဆိုနိုင်ပါပေသည်၊ စွယ်တော်မြတ်အစစ်နှင့် ဘုရားရှင်၏ ပရိဘောဂ စေတီထိုက်သော သပိတ်တော်များမှစ၍၊ မြောက်မြားလှသော ဓါတ်တော်, မွေတော်-ရွှေ ငွေ-စိန် ကျောက် စသော ရတနာအမျိုးမျိုး တို့ ကိုပါ ထည့်သွင်း ဌာပနာတော်မူခဲ့ရာ စေတီမြတ်တဆူဖြစ်လေသည်။

စွယ်တော်မြတ်အစစ်, ကောင်းမှုတော်၌၊ ဌာပနာခဲ့ပုံကို ဖော်ပြလိုပါသေးသည်။

ဇမ္ဗူဒိပ်ကျွန်း ကလိင်္ဂတိုင်း စန္ဒပုရပြည်- ကုသိဝမင်း၏ သမီးတော် **ဟေမမာလာ** သားမက်တော် **ဒန္တမင်းသား** တို့ ယူဆောင်၍ သိန်းဃိုကျွန်း ( သီဟိုဠ်) သို့ စွယ်တော်မြတ် ရောက်ရှိသည်ဟု ဓါဌာဓါကုဝင်တွင် ဆိုကြောင်း မှန်နန်းရာဇဝင်၌ ဖော်ပြထားသည်။

သက္ကရာဇ် ၉၃၇-ခုနှစ် သိန်းဆယ်ကျွန်းကို အစိုးရသော ဓမ္မပါလမင်းက ဟံသာဝတီ ဆင်ဖြူရှင်(ဘုရင့်နောင်)မင်းတရားကြီးအား ဆက်သရလေသည်။

ဟံသာဝတီသို့ရောက်လျှင် ရတနာစေတီနှင့် ခေါင်းရင်းတော်တွင်ထား၍ ကိုးကွယ်တော်မူသည်၊ဆင်ဖြူရှင်မင်းတရား၏ သားတော် ငါးဆူဒါယကာ — နန္ဒမင်းလက်ထက် ၉၆၁-ခုနှစ်၊ ဟံသာဝတီပျက်လေသည်၊တောင်ငူသို့ရောက်ရှိ၍၊ တောင်ငူမင်း ဟူ၍လည်း ခေါ်လေဘည်။

၎င်း စွယ်တော်စစ်ကို တောင်ငူ ရွှေနန်းတည် မင်းပင့်ဆောင်၍ တောင်ငူ(ကေတုမတီ)သို့ ရောက်ရှိတော်မူလာသည်၊ သားတော် နတ်ရှင်နောင်(သံလျင်ရောက်)မင်းတရားလက်လက် ၉၇၂-ခုနှစ် တောင်ငူ (ကေတုမတီ) ပျက်ပြန်လျှင် အနောက်ဖက်လွန်မင်းတရား ပင့်ဆောင်၍၊ ရတနာပူရသို့ ရောက်ပြန်သည် ထိုနောက် သာလွန်မင်းတရားလက်ထက် ၉၉၇-ခု၊ တွင် ရာဇမဏိစူဠာစေတီ( ၎င်း ကောင်းမှုတော်)၌ ဌာပနာတော်မူသည်။

ယင်းသို့ ဌာပနာကြောင်းကိုလည်း..........

သက္ကရာဇ် ၉၉၇ ခု၊ နတ်တော်လပြည့်ကျော် တရက်၊ သောကြာနေ့တွင် နန်းစဉ်နန်းဆက် အမြဲကိုးကွယ်တော်မူအပ်သော စွယ်တော်မြတ်အစစ်ကို အစပြု၍၊ အပြည်ပြည်ထောင်မှ ချီပင့်အပ်သော မရေမတွက်နိုင်သော ဓါတ်တော်,မွေတော်တို့နှင့် အတူ-ဌာပနာတော်မူသည်ဟု **ရာဇမဏိစူဠာ ကျောက်စာ** တွင် ဖေါ်ပြထားလေသည်။

ထိုပြင် သာလွန်မင်းတရား ဆရာတော်တပါး ဖြစ်သော ပင်းယရွှေဥမင် မဟာရတနာသဃရ-စီရင်သော သက္ကဒါန်စာတမ်း တွင်လည်း........

ဘိုးတော် ဆင်ဖြူမျှားရှင်မင်းတရားလက်ထက်သိန်းဃို ကျွန်းမှ ပင့်ဆောင်သော စွယ်တော်မြတ်အစစ်ကိုပင် ဤရာဇမဏိ စူဠာ, ကောင်းမှုတော်စေတီတွင် ဌာပနာကြောင်း ဆိုထား လေသည်။

၉၃၇=ခုနှစ် (မဟာဝိဇယ စေတီ) တွင် ဌာပနာသည့် စွယ်တော်မှာ သိန်းဃိုကျွန်းမှ စွယ်တော်မရောက်မီ ၉၂၂-ခု၊ မဟာစေတီတွင် ဌာပနာသည်ဆိုသော စွယ်တော်ကဲ့သို့ ဌာပနာ သော စွယ်တော်ပွါးသာဖြစ်ကြောင်းကိုလည်း........

"မဟာဝိဇယ—နာမစေတီ၊ အညီလျှံဝင်း သတင်း ဆန်းပြား၊ စွယ်တော်ပွါးအား၊ဘုရားသာသနာ,တည်လ ခါဝယ်........"

စသည့် စစ်ကိုင်းမင်း ဥတ္တမရာဇ် သမီး သခင်ကြီး ချေင်းတွင် စပ်ဆိုသည်ကို ထောက်၍ သိသာလှ၏။

ဤ ရာဇမဏိစူဠာ စေတီတော်ပုံသဏ္ဍာန်ကို သာလွန် မင်းတရားသည်၊ ပြည်မြို့စား မင်းသားငယ်ဘဝတွင် တေပါး မင်းကောင်းမှု **"သရမာစေတီ"** ကဲ့သို့၊ အထွတ်အထိပ် ရောက်လျှင် တည်မည့် အဓိဋ္ဌာန်ဖြင့် တည်ခဲ့ခြင်းဖြစ်သည်။

အချို့ ရာဇဝင်တို့၌ ဒုတ္တပေါင်မင်းကောင်းမှု **"ပေါ ပေါကြီးစေတီ"** အတုယူ ဆိုသည်၊ သို့ရာတွင် တေပါးမင်း ကောင်းမှု သရမာစေတီကဲ့သို့ တည်ကြောင်းကို.... ...

"ဖုန်းတောက်လျှံဝင်း၊ တပါးမင်းလျှင် ဖြောင့်စင်း စိတ်ကြည်၊ ကုသိုလ်ရည်၍၊ ကိုးမည်နှင်နှင်၊ သုံးကျိပ် စင်တည့်"... ဟူသောစာပိုဒ်နှင့်....

"ထိလုမိုးဆီ၊ တိမ်ကိုမှီသည်၊ စေတီမည်သာ၊ သရမာ" ဟူသောစာပိုဒ်များ-နဝဒေးဆို ရွှေပြည်နှစ်ခွင် ချီ-ရတုကို ထောက်ရာ၏။

ကောင်းမှုတော်စေတီမြတ်၏ လေးမျက်နှာတွင် ပုဗ္ဗဝန် (ပြုပွါဝန်) ဒက္ခိဏာဝန် ပစ္ဆိမာဝန်နှင့် ဥတ္တရာဝန်ဟူ၍၊ ကျောင်း ကြီး,လေးကျောင်း ဆောက်လုပ်လှူဒါန်းတော်မူသည်။ ကျောင်း အရံများလည်း ရှိလေသည်။

သိမ်သမုတ်တော်မူရန် ရွေးချယ်ရာ၌၊ ဆရာတော်များ က၊ "ကောင်းမှုတော်စေတီကိုလည်း ရွှေထီး မတင်ရသေး၊ ကျောင်းတော်များကိုလည်း လှူတော်မမူရသေးဖြစ်သည်။

ရွှေထီးတင်၍ ကျောင်းတော်များကို လှူတော်မူပြီးမှ သမုတ်သင့်သည် ..."ဟူ၍၊ မိန့်ဆိုတော်မူကြ၍ သိမ်သမုတ်တော် မမူဘဲ ရှိလေသည်။

ရာဇမဏိစူဠာ စေတီကို ၁၀၀၈-ခု၊တော်သလင်းလတွင် အၦအပြီးသတ်လေသည်။

သာလွန်မင်းတရားကြီးသည်၊မိမိကောင်းမှုတော်စေတီ ကြီးကို၊ ရွှေထီးအထွတ်တင်လို၍ နန်းတော်ရင်ပြင် ညီလာသဘင် တွင် ဆရာတော်များနှင့် မှူးကြီးမတ်ရာ ဗိုလ်ပါ အစုံအလင်တို့

စည်းဝေးတော်မူနေချိန်ဖြစ်ရာ ထီးတော်တင်ရန် ညှိနှိုင်းစည်းဝေးကြလေ၏။

ထိုအခါ တောင်ငူက ရောက်ရှိလာသော ဗေဒင်တတ် လောကုတ္တရာ ဆရာတော်အား ထီးတင်အခါ တောင်းတော်မူလျှင်....

လောကုတ္တရာ ဆရာတော်က 'ရေမြေရှင်လက်ထက် အခါပေးမည်ဟု မလာ။ သားတော်လက်ထက်မှ အခါပေးရန် ငါလာသည်........" ဟု အမိန့်ရှိတော်မူသဖြင့် ချက်ခြင်းပင် ထိုဆရာတော်ကို ပုဂံသို့ပို့လေ၏။

ထိုနောက်တဖန် ပုဏ္ဏားအဇာဂရု ကို ထီးတင် အခါ တောင်းပြန်သောအခါ........

"အရှင်မင်းကြီး ထီးတင်ရန် အခါကိုမမှီချေပြီ...."ဟု လျှောက်လျှင်

" ဘယ်သောအခါ-ငါနတ်ပြည်စံရမည်နည်း " ဟု မိန့်တော်မူပြန်ရာ....

" နက်ဖြန် တချက်တီးကျော်တွင် နတ်ရွာစံတော်မူရပါမည်...."ဟု ရဲတင်းစွာ လျှောက်ထားလေ၏။ ထိုအခါ ခင်းတရားကြီးသည်၊ ပြင်းစွာဒေါသထွက်တော်မူလျက်....

"ပုဏ္ဏားအဇာဂရု.... သင်ဟောတိုင်း မှန်လျှင်မှန်စေ၊ မမှန်လျှင် သားမယားနှင့်တကွ မီးပုံ၍တိုက်မည်...." ဟု နာရီခွက် အနီးမှာထားလျက် စံတော်မူလေ၏။ ထိုနေ့ သုံးချက်တီးအချိန်တွင်—

"ငါ—မည်သို့မျှ မရှိသေးပါလား" ဟု မင်းကြီးက မိန့်လျှင် ပုဏ္ဏားက...."အခါမရောက်ပါသေးဘုရား"ဟု လျှောက်ထားရင်း ညဥ့် လေးချက်တီးကျော် (စက်နာရီ ၎င်းည ၆-နာရီခန့်ကျော်)လျှင် အဖျားရောဂါပေါ်လာပြီး၊ သက်တော် ၆၅-နှစ်အဝင်(၁၀၁၀)ခုႉတော်သလင်းလဆန်း ၁၀ ရက်၊ ကြာသပတေးနေ့ နေ့တချက်တီးကျော် (စက်နာရီ ၉-နာရီကျော် အချိန်တွင် နတ်ရွာစံတော်မူလေသည်။

# သားတော်အိမ်ရှေ့မင်း (မင်းရဲရန္တမိတ်) ခမည်းတော် အရိုက်အရာကို ဆက်ခံစိုးစံခြင်း။

ထိုနှစ် (၁၀၁၀) တော်သလင်းလဆန်း ၁၀ ရက်နေ့မှာပင် သားတော် အိမ်ရှေ့စံ ပင်းတလဲ မင်းသား မင်းရဲ ရန္တမိတ်သည်၊ ခမည်းတော် သာလွန်မင်းတရားကြီး၏ အရိုက်အရာ ရွှေထီး ရွှေနန်းနှင့်တကွ တိုင်းပြည် နိုင်ငံကို သိမ်းမြန်းစိုးစံတော်မူသည်။

ထိုနှစ် တော်သလင်းလပြည့်ကျော် ၄ ရက်၊ စနေနေ့ ည လေးချက်တီးကျော်(စက်နာရီ ၆-နာရီခန့်အချိန်)တွင် မြင့်မြတ်သော ထီးဆောင်းမင်္ဂလာ ဥကင်တော်ဖွင့်လေ၏၊ "သိရီနန္ဒသုဓမ္မရာဇာ ပဝရာဓိပတိ" ဘွဲ့အမည်တော်ကိုလည်း ခံယူတော်မူလေ၏။

အိမ်ရှေ့စံ မိဖုရားကို "အတုလစန္ဒာဒေဝီ" အမည်နှင့် ဘိသိက်သွန်းတော်မူသည်၊ မယ်တော်မိဖုရားကိုလည်း ရွှေဝေါ ရွှေချက် စည်ဝန်း စည်ပြော၊ မြှောက်စည် သံလွင်၊ တံပိုးခရာ တံမြှ လက်ချပ် အစုံနှင့် တလုပ်မြို့ကို ကံကျွေးပေးခံရသည်။ ရှင်မိဖုရား မယ်တော်ကိုလည်း မယ်တော်၏အစီးအနင်း အဆောင် အရွက် အတိုင်းနှင့် အမြင့်မြို့ကို ကံကျွေးပေးခံရလေသည်။

ညီတော်အကြီးကို **"မင်းရဲသီဟသူ"**အမည်နှင့် အိမ်ရှေ့ မဟာဥပရာဇာ အဖြစ် နှင်းအပ်တော်မူသည်၊ စလင်းမြို့ကို လည်း ကံကျွေးခံရသည်။ နှမတော် အိမ်ရှေ့ မိဖုရားကို **'စန္ဒာဒေဝီ'**'အမည်ကို ခံယူရသည်။

ဒိုင်းစု-သင်းစု မြင်းစု စသည်ကိုလည်း ပေးတော်မူသည်။ ထို့ပြင် မှူးမတ်, စသောပုဂ္ဂိုလ်များကိုလည်း ရာထူးအလိုက် တိုးမြှင့်သနားချီးမြှောက်တော်မူသည်။

ထို့ပြင် မင်းညီမင်းသား မင်းဆွေစိုးမျိုး တို့ကိုလည်း အထိုက်အလျောက် စုံဖက်တော်မူ၍ အဆောင်အယောင် ကျေး ရွာ၊ မြို့စားပေးတော်မူသည်။

ညီတော်လတ်, **မင်းရဲကျော်ထင်** ကို မင်းတို့၏ အဆောင်အယောင် အစီအမံဖြင့် တောင်ငူမြို့စား ပေးတော်မူ သည်။

ညီတော် အငယ် **မင်းရဲကျော်ခေါင်** ကိုလည်း အဆောင်အရွက်နှင့် တကွ ပြည်မြို့စား ပေးတော်မူသည်။

မင်းတရားကြီးသည်၊ ကောင်းမှုတော်ဘုရား မဟာမြတ်မုနိ, သုဓမ္မာသို့ ထွက်တော်မူပြီးလျှင် တံဆိပ်တော်ရ ဆရာတော်တို့ကိုလည်း ပင့်တော်မူသည်၊ ဆရာတော်တို့၏ ရှေ့ဧမှာက်တွင် ကေတုမတီမည်သော တောင်ငူမြို့၊ သရေခေတ္တရာ မည်သော ပြည်မြို့များသည်၊ နန်းတည် မြို့ကြီး=ပြကြီးတို့ဖြစ်သည်။

"ညီမောင်တို့ကို ပြုစုကောင်းသူဖြစ်၍၊ ငါပြုစုတော်မူသည်၊ ကျေးဇူးတော်=သစ္စာတော်နှစ်ပါးကို အမြဲစောင့်၊ ပြည်သာယာစည်ပင်၍၊ သာသနာတော် အတိုင်းထက်အလွန်ပြန့်ပွါးမည်အကြောင်းကို စီရင်ကြလေ..." ဟူ၍ အမိန့်တော်ရှိသည်၊ စာကို ရွှေပေရေး၍၊ ညီတော်များဖြစ်သော တောင်ငူမင်းနှင့် ပြည်မင်းတို့အား တစောင်စီဖတ်၍ အပ်ရသည်။

ထို့ပြင်လည်း အမိန့်တော်ရှိပြန်သည်မှာ .......

"တောင်ငူမင်း ပြည်မင်းတို့သည် နောင်တော် အိမ်ရှေ့မင်းကို အရှင်ဟူ၍ငင်း အစ်ကိုဟူ၍ငင်းမှတ်၊ အိမ်ရှေ့မင်းကလည်း တောင်ငူမင်း ပြည်မင်းတို့ကို ညီလည်းမှတ် ကျွန်လည်းမှတ်၊ လူဆိုး လူသွမ်းတို့ ဂုန်းစကားတို့ကို နာခံ၍၊ အနှောင့်အယှက် မရှိကြလေနှင့်....

တစုံတခုသော အကြောင်းကြောင့် နှလုံးညစ်ညှမ်းနှောင့်ယှက်ခြင်းရှိသောအခါ ငါပေးတော်မူသော လက်စွပ်ကိုကြည့်၍၊ အနှောင့်အယှက်ကို ဖျောက်ကြကုန် ...ကျေးဇူးသစ္စာတော်နှစ်ပါးသည် ဖြစ်ခဲလှသည်ဟု အမြဲမှတ်"

ဤသို့၊ အမိန့်တော်ရှိပြီးလျှင် အဖိုးများစွာ ထိုက်သော လက်စွပ်ရတနာကို လက်တော်ကချွတ်၍ အိမ်ရှေ့မင်းအားရင်း တောင်ငူနှင့် ပြည်မင်းအားရင်း အသီးသီးချီးမြှင့်လေ၏။

ထိုအခါ ဆရာတော် အရှင် **မဟာဉာဏဂုဏ္ဍမထေရ်** က မိန့်တော်မူသည်မှာ ......

"ဘေးလောင်းတော် ဆင်ဖြူများ ရှင် မင်းတရားကြီး သည်၊ သားတော် အနော်ရထာမင်းစောကို ဇင်းမယ် ပြည်ကြီးကို ပေးအပ်စဉ် သည်ကဲ့သို့ အမိန့်တော်ရှိဘူး သည် .."

ဟူ၍ ဆရာတော် အစဉ်အဆက် မိန့်တော်မူကြသောကြောင့်သာ ကြားရဘူးသည်။

"ယခုမူကား အသက်ရှည်၍ အမိန့်တော်ကို ကြားရ သည် အလွန်ခက်ခဲလှ၏၊" ဟူ၍ မိန့်တော်မူလေသည်။

**တောင်ဘီလာဆရာတော်** ကလည်း........

"လောက၌ဖြစ်ခဲသည် အရာဝတ္ထုလေးပါးရှိသည်၊ လေး ပါးမှာ ...၊

(၁) သူ့အား မပေးရာသောဝတ္ထုကို ပေးမည်ဟူ၍၊ ကြံသည်လျှင်ဖြစ်ခဲ၏။

(၂) ထိုထက်ပေးမည်ဟု ကြံသည်နှင့်အညီ နှုတ်သည် လျှင် ဖြစ်ခဲ၏။

(၃) ထိုထက် နှုတ်ထွက်သည်နှင့် အညီ ပေးသည်လျှင် ဖြစ်ခဲ၏။

(၄) ထိုထက် ပေးပြီးသည်နောက်ကို နောင်တအလိုလို မရှိဘဲ၊ ဝမ်းမြောက်ဝမ်းသာရှိသည်လျှင် အလှန် ဖြစ်ခဲ၏'' ဟူ၍ သေနက ဇာတ်ကိုဆောင်၍ မိန့် တော်မူသည်။

## ခမည်းတော်မင်းတရား၏ ကောင်းမှုတော်စေတီကြီး ရွှေထီးအထွတ်တင်လှူတော်မူခြင်း။

သက္ကရာဇ် ၁၀၁၁ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်၊ တနင်း လာနေ့ နံနက် လေးချက်တီးကျော် အချိန်တွင် အင်းဝနေပြည် တော် ရွှေနန်းတော်ကသည်၊ ရောဝတီမြစ်ဆိပ်သို့ တိုင်အောင် ဝေါပြာသာဒ်စီးတော်မူ၍၊ ဆင်လုံး မြင်းလုံးအများနှင့် ထွက် တော်မူကြီး ထွက်တော်မူသည်။

ယင်းသို့ ထွက်တော်မူပြီးလျှင် ပြာသာဒ်သုံးဆောင်ရှိ သော ကရဝိက် ရွှေဖေါင်တော်နှင့် လှော်ကား၊ လက်သင် ရွှေလှေ ရွှေလောင်းများနှင့် ခြံရံလျက် ခမည်းတော်ဘုရား ကောင်းမှု တော် ရာဇမဏိစူဠာ စေတီကြီးကို ရွှေထီးအထွတ် တင်အံ့သော ငှါ ကူးတော်မူလေ၏။

ကူးကြွတော်မူပြီးသော် ခမည်းတော်ဘုရား သဘင်နန်း တော်တွင် သိကြားမင်း၏ အသရေတော်ကဲ့သို့ စံပါယ်တော်မူ သည်၊ သဘင်တော်ကြီးစွာလည်း ခံတော်မူသည်။

ထိုနှစ် ကဆုန်လဆန်း ၈ ရက်၊ တနင်္ဂနွေ နံနက် လေးချက်တီးကျော် နှစ်မောင်းတွင် ညီတော်-အိမ်ရှေ့မင်းကို ကြပ်မစေလျက်၊ ညီတော် သားတော် ဆွေတော် မျိုးတော် စော်ဘွားစော်ခံ-မင်းပရိသတ်အပေါင်းခြံရံ၍၊ ကောင်းမှုတော်ရာဇမဏိစူဠာစေတီတော်ကြီးကို ခမ်းနားကြီးကျယ်စွာ ရွှေထီးအထွတ် တင်လှူတော်မူလေသည်။

မင်းရဲရန္တမိတ် မင်းတရားသည်လည်း၊ရှင်မိဖုရားခေါင်ကြီးနှင့် တကွ မြင်းရထားတော် စီးတော်မူ၍၊ ဘုရားရှင် ရင်ပြင်တော်သို့ တက်တော်မူပြီးလျှင် ကြီးစွာသော ပွဲလမ်းသဘင်ကိုလည်း ရက်ရှည်ကြာမြင့်စွာ ခံတော်မူသည်။ ထိုသို့ ရွှေထီးအထွတ် တင်တော်မူစဉ်အခါ စေတီတော်ကြီး၏ အရှေ့မြောက်အရပ်မှ နေ၍၊ ငြမ်းထိုးတင်ခဲ့ရာအရပ်ကိုပင် "မင်းငြမ်းကုန်း" ဟု ယခုတိုင် အမည်ထင်ရှားခဲ့လေသည်။

ခမည်းတော် မင်းတရား လက်ထက်တော် သက္ကရာဇ် (၁၀၀၉-ခု) တပေါင်းလတွင် လောင်မီးသင့်၍၊ အသစ်တဖန် တည်လုပ်သော သံဃိက တန်ဆောင်း နှင့် တကွ ၁၂-ကျောင်း ဥတ္တရာဝန် ကျောင်းတော်ကို တင်လှူတော်မူသည်။ ပြုပွဲဝန်၊ ဒက္ခိဏာဝန်,ပစ္ဆိမာဝန်,ဥတ္တရာဝန် ကုန်းကျောင်း ဆရာတော်ကြီး ငါးပါးကို အရံအစောင့် အလုပ်အကျွေးနှင့် လှူတော်မူသည်။

ဘုရား၌ ကျွန်သီးတော် အကြီးနှင့်တကွ သုတ်သင်ရန် များစွာသော ကျွန်သီးတော်တို့ကိုလည်းခမည်းတော်ခန့်ထားသမျှ

မပျက်စေရ စာရင်းစွဲမှတ်သည့်အတိုင်း အသီးသီးခွဲဝေလှူတော်မူသည်။

ဝတ္ထုကံမိုးမြေကိုလည်း များစွာလှူတော်မူသည်၊ စည်ပြော စည်ဝန်း၊ မြှောက်စည်သံလွင် တံပိုးခရာ တံမြှာ လက်ချပ်အစုံလည်းလှူတော်မူသည်။ သာသနာတော်စောင့် ဝတ္ထုကံထိန်းသိမ်းစိမ့်သောငှါ "သာသနာပိုင်" သံဃရာဇာကိုလည်း ခန့်တော်မူသည်။

ကောင်းမှုတော်စေတီကြီး- ရွှေအတိ ဘိနပ်တော်တိုင်အောင် ထည့်တော်မူသည်။ အရံတော်စောင့်လူ လုပ်စားမြေကျောင်းတော်လေးကျောင်းရှိ ဆရာတော်တို့ ကပ္ပိယ ဆွမ်းမြေ၊ ကျောင်းတော်အာရာမိက အရံစောင့်တို့ လုပ်စားမြေ၊ ပိဋကသားတို့ လုပ်မြေ စားမြေ အရပ်ရပ်တို့ကို ပိုင်းခြား၍ ရေစက်သွန်း လှူတော်မူသည်။

ထို့ပြင် ခမည်းတော်ဘုရား မှတ်သားတော်မူ၍ ထားသော "ဣသိပတန မိဂဒါယ"ကဲ့သို့ ဘေးမဲ့ပေးရာ အရပ်ကိုလည်း မြေခြားကျောက်တိုင်ထားတော်မူသည်။

လှူတော်မူခဲ့သော မိုးမြေ လယ်ယာများကိုလည်း နောက်နောက်သော လူအပေါင်းတို့ မဖျက်ဆီးနိုင်အောင် ဦးရေစာရင်းကို သုဓမ္မာစရပ်တွင် ဆရာတော်တို့ရှေ့မှောက်၌၊ ဖတ်ကြားတော်မူသည်။

ခမည်းတော်ဘုရား ကိုးကွယ်တော်မူခဲ့သေါ တောင်ဘိလာ ပုဂ္ဂိုလ်ကျော် "တိပိဋကာလင်္ကာရ"ဆရာတော်အား ကျောက်ထက် အက္ခရာ တင်ရေးပါမည်ကို လျှောက်ထားလေသည်၊ တောင်ဘိလာ ဆရာတော် စီကုံးရေးသားတော် မူပြီးကို ဆရာတော်အရှင် မဟာဏ္ဍလဂုတ္တ,အား အပ်တော်မူ၍၊ ကျောက်ထက် အက္ခရာ ရေးသားထုလုပ်ကြပ်မ လုပ်စေလျက် ဘုရား စေတီ၏ရင်ပြင်အရှေ့မြောက်ထောင့်တွင် "ကျောက်စာဂူ"စိုက် ထူထားလေသည်။

ကောင်းမှုတော်တွင် ခမည်းတော်ဘုရား ပြဋ္ဌာန်းလှူတော် မူသမျှ ဝတ္ထုကံ သိမ်ကျောင်း–ကျွန်,သီးတော်တို့ လုပ်မြေ စား မြေ အရပ်ရပ်ကို ကျောက်စာတွင်မပြီးလေရကါး အရှေ့မျက်နှာ ဇာတ်ရေးအစ မုခ်ဝ မြောက်ဖက်တွင် ရေးထား ရလေသည်။ လင်မလိုရွာ၊ မန်ကျည်းစဉ်လမ်းမတော်အနီး ဥတ္တမရာဇ်ကန်ကို လည်း ထပ်မံ၍ ပြုပြင်တော်မူသည်။

ခမည်းတော်ဘုရား နေတော်မူခဲ့သော ရာဇမဏိစူဠာ ရွှေနန်းတော်ကိုလည်းကောဇ်းမွန်စွာ ကျောင်းဆောက်တော်မူ၍ ဆရာတော် **"တိလောကာလင်္ကာရ"** အား လှူတော်မူ သည်။

စီရင်ဆောက်လုပ်၍၊ မပြီးသေးသော "ဇေယသဘင် ကျောင်းတော် ရွှေဥမင်ကျောင်းတော်များကိုလည်း ပြီးအောင် လုပ်စေ၍၊ တံဆိပ်ရ ဆရာတော်တို့အား လှူတော်မူသည်။

ထိုနှစ် ကဆုန်လပြည့်နေ့မှစ၍၊ကောင်းမှုတော် ရာဇမဏိစူဠာတွင် သိကြားရေသွန်းသဘင် ခံတော်မူသည်၊ အရိယာသံဃာတော် အပေါင်းကိုလည်း ဆွမ်းလုပ်ကျွေး မွေးတော်မူ၍၊ သက်နှိုးစသော လှူဘွယ်ပစ္စည်းများကို အသီးသီး ဝေပုံချ၍ လှူဒါန်းတော်မူသည်။

ယင်းသို့ အရပ်ရပ်ကို စီရင်ခန့်အပ်တော် မူပြီးနောက် ကောင်းမှုတော် ရွှေထီးတော် ဒါယကာ, မင်းတရားသည်၊ ထို အရပ်မှ အဝ-ရွှေနန်းတော်သို့ ပြန်လည်တော်မူခဲ့သည်။

**(မှတ်ချက်)** ရာဇမဏိစူဠာ စေတီတော်သမိုင်း စာတမ်းကို တောင်ဘီလာ ပုဂ္ဂိုလ်ကျော် တိပိဋကာလင်္ကာရ ဆရာတော် စီကုံးရေးသားရကြောင်းနှင့် အရှင်, မဟာဗန္ဓုဂုတ္တ,မထေရ်က ကျောက်ထက်အက္ခရာ တင်ရ ကြောင်းများကို ဒက္ခိဏာဝန် — နန်းကျောင်းမှူ သဒ္ဒါကြီးနိဿယ ကျမ်းပြုဆရာတော် ရှင်အရိယာလင်္ကာရ, ရေးမှတ်ထားသည့် သမိုင်းနှင့် အညီဖြစ်သည်။

# ငါးထပ်ကြီးဘုရားတည်ရန် မြေနေရာ ရွေးခြင်း၊

**“ ရေယာဉ် စစ်ကိုင်း၊ လှိုင်းပုခန်းငယ်၊ လယ်တောင်တွင်း၊ စပါးရမည်းသင်း၊ အင်းတောင်သမန်၊ ကန်မိတ္ထီလာ....”**


ဟူသော ဝေါဟာရ စကားအရ၊ ရေဝတီ–မြစ်ရေသည်၊ စစ်ကိုင်းတောင်နှင့် စစ်ကိုင်းမြို့ကို လကျာ်ရစ်, ခြံရံလျက်စီးဆင်းလေသည်၊ စစ်ကိုင်းတောင်တန်းတခိုမှလည်း စိမ်းလန်းတင့်စိုလျက်၊ မဲညိုရစ်ဆိုင်း အုံ့မှိုင်းရီမှောင်နေလေသည်၊ တောင်တန်းပေါ်ရှိ ပုညရှင်စေတီ စသည်တို့မှာလည်း ကြည်ညိုသပ္ပါယ်စွာ မားမားမတ်မတ် ရပ်တည်လျက်ရှိသည်။

“နတ်ထံဘုံဆီ၊ ထိလုသီမျှ သိင်္ဂီရည်လျှံ၊ မြင့်ဖြူးပျံသား၊ မိုးယံတိမ်တောင်၊ မှိုင်းမြမှောင်နှင့် ......”

စသည်ဖြင့် စပ်ဆိုထားသောအတိုင်း၊ စစ်ကိုင်းတောင်ပေါင်း ၃၇-လုံးအနက် ပတ္တမြားစေတီတောင်၏ စွင့်စွင့်ငွါးငွါး ခြားခြားသီးသီး, နတ်ဘုံနီးမျှ ထိလုခမန်းရှိသော ပတ္တမြားစေတီ တည်ရာတောင်ထူး တောင်မြတ်........

ထို့ပြင်........

“စစ်ကိုင်းဇေယျာ၊ ပုရမှာဝယ်၊တောင်သာပတ်ချိပ်တောင်လိပ်တောင်ထွတ်၊ ပတ်ရရတ်တည့် သွယ်ပတ်



ငါးထပ်ကြီးဘုရားကြီးအရှေ့ဘက်
မုခ်ဦးသစ်ကြီးပုံ။

ယှက်ကူး၊ ပြူးရရှူးသား၊ တောင်ဦးတောင်စဉ်၊ တောင်
လျဉ် တောင်ဝှမ်း၊ မြရောင်လျှမ်းလျက်........”

စသည်ဖြင့် ၁၁၁၃ ခုနှစ်၊ အင်းဝမှ ဟံသာဝတီသို့ လိုက်ပါသွား ရရှာသော ဟံသာဝတီပါမင်းသည်၊ စစ်ကိုင်းတောင်ရှိ ဘုရား ပုထိုး စေတီအမျိုးမျိုးကို ဟသ,လွမ်းဆွတ်တော်မူသည့်အတိုင်း ဖွဲ့ဆိုထားလေသည် မကဘဲ .... ..

“ရှင်ဝမ်းဆွတ်မျှ၊ ပုညစေတီ=တိမ်ဆီတမျှ၊ ပတ္တမြား စေတီ၊ တောင်ဆီတူရူ၊ **ရှင်ဖြူ-ရှင်လှ**၊ ချမ်းမြရိပ်မြုံ ထူပါရုံနှင့် ကြီးခုံမောက်မော် ကောင်းမှုတော်လည်း ခြောက်ဖော်ရောင်ကွန့်၊ နေကိုလှန့်လျက်၊ ပက်ဖြန့်ရောင် ရွှန်း၊ နေ့ညဉ့်ထွန်း၍........”

ဟူ၍လည်း စစ်ကိုင်းတောင်သည်၊ တိမ်ဆီသို့ ထိုးဖေါက်လုမတတ် ရှိခဲ့ပုံကို သရုပ်ဖေါ်ထားလေသည်။

**“ ဝါဆိုဝါခေါင် ရေဖေါင်ဖေါင် ”** ဆိုသည့် အတိုင်း အမျှားအားဖြင့် မိုးလေးလ—ဝါဆို=ဝါခေါင် တို့တွင် ဧရာဝတီမြစ်ရေအယဉ်မှာ ပင်လယ် သမုဒ္ဒရာတမျှ ရှိလေသည်၊ မြစ်ရေအယဉ်ရစ်ဝိုင်းပြီး၊ ရှုလိုက်တိုင်း သာယာလှသော တောင် တန်းကြီးကလည်း မဟာရာမ်တံတိုင်းကြီး ကာဆီးထားသကဲ့သို့ ညိုပြာမှိုင်းလွင်လျက် နေလေသည်။

မြစိမ်းကမ္ဗလာထည်ကြီး သိုင်းခြုံထားသကဲ့သို့ ထင်ရ သော ဤစစ်ကိုင်းတောင်နှင့် မင်းဝံတောင်တမ်းများကိုနောက်ခံ

ပြုလျက် မိုးလေးလရာသီတွင် ရေယာဉ်ရစ်သိုင်း ရေရံဝိုင်း၍၊ **စစ်ကိုင်း** ဟူသော အမည်ရှိသည့် အရပ်ဌာနကား အလွန်သာယာလှပေသည်။

ထို့ကြောင့်လည်း **"ရေယာဉ်စစ်ကိုင်း၊ လှိုင်းပုခန်းငယ်"** စသော ဝေါဟာရကို ရှေးပညာရှင်များ မှတ်တမ်းပြုခဲ့ကြပေသည်။

အင်းဝ ရွှေပြည်တော်မှ ရှုမြော် ကြည့်ရှုလိုက်ပါလျှင် စိမ်းလဲ့ညိုပြာ မြရည်ကမ္ဗလာကဲ့သို့သော စစ်ကိုင်းတောင်တန်းနှင့် ပင်လယ်ရေပြင်တမျှရှိသော ရစ်ဝိုင်းစီးဆင်းသွားနေသည့် ဧရာဝတီမြစ်ရေယာဉ်တို့ကို အထင်းသား, ရှုခင်းသာလှပေ၏။

အင်းဝနေပြည်တော် ရွှေနန်းတည်ရာမှ ဧရာဝတီမြစ်ကြီးကို ဖြတ်ကျော်၍ ရာဟုထောင့်ကျသော စစ်ကိုင်းမြို့တွင် ပန်းသစ်ပင် ဥယျာဉ်များဖြင့် ရှုစား၍ ကြည်နူး မဆုံးရှိသော အရပ်ကား....အုံ့အုံ့ဆိုင်းဆိုင်း ညိုမှိုင်းဝေဆာနေလေသည်။

"နံ့သာပန်းမာလ်၊ အလွန်ဖြင်ညီး၊ သစ်သီးဆိမ့်ချို၊
လိုမတလျှင်း၊ မှည့်ရွှမ်းပြင်းတည့်၊ လက်ချင်းဝယ်ချည်း၊
ပေါပည်းထပ်မျှ၊ ဆွတ်ချမနိုင်၊ ပင်ခိုင်လှကျိုင်း၊ ပြိုင်း
ရရိုင်းတည့်—

ခက်ဆိုင်းရွက်စိပ်၊ စုံချွမ်းရိပ်တိ၊ ပျော်ဖွယ် ရှိသား၊
သိရိမဟာ တောခန်းဝါသို့၊ မလာဖူးသေး၊ ဝေးတားမြေ

တာ၊ လူတကာကို၊ **လာလှည့်နိုးဆော်**၊ ခေါ်ဘိသော့
လား လာတုံငြားလည်း မသွားစေအောင် ချည်နှောင်
သောနည်း .....”

စသော ဟတ္ထိပါလ ကိုးခန်းပျို့နှင့်အညီဂုဏ်း ... ၊

“ တွေးတွေးနုရင့်၊ သီးပွင့် ရွမ်းပြန်၊ နွေသန်ဟောမ၊
ကာလရာသီ ကုန်ပြီမဆို ချဉ်ချို ဆိမ့်လေး၊ ကြိုင်မွှေး
ပန်းမာလ်၊ နန္ဒဝန် နှင့် သဏ္ဍာန်တူစွာ၊ ဥယျာဉ်သာသို့
ရောက်လာသသူ နတ်လူပျော်မွေ့ ရပ်ရွာမေ့၏ ......”

စသော မင်းရဲဒိဗ္ဗချောင်းနှင့်အညီဂုဏ်း သစ်သီး ပန်းမာလ်များ နှင့်
ပြည့်စုံ၍၊ လိုဘ ရမည့် အချိုအဆိမ့် အမှည့်အရွမ်းတို့ ဆွတ်ခူး၍
မကုန်နိုင်အောင် အလွန်ပေါများလှသည်ပြင်၊ ပင်ညွန့်ရွက်ဆိုင်
ပင်ခိုင်ထွားကြိုင်း ခက်ဆိုင်းရွက်စိပ်တို့ကလည်း ဂနိုင်ချမ်းရိပ်တမျှ
ပျော်ဖွယ်လည်းရှိပေသော....

နန္ဒဝန်-ဥယျာဉ်သာ ရှုခင်းနှင့် တပြေးတည်း တူညီလှ
သော **“ဓဝဠုဝန”**ခေါ် ဝါးရုံတောဥယျာဉ်ကြီးသည်ကား-
အလွန်တရာ သာယာကြည်နူးဖွယ်ကောင်းသဖြင့် မရောက်လာ
ဖူးသေးသော ပုဂ္ဂိုလ်များကို လာလှည့်ရန် နှိုးဆော် ခေါ်ဘိသည့်
အလား၊ ရောက်လာကြသူများမှာလည်း=ပြန်လည်၍ မသွားချင်
လောက်အောင် ချည်နှောင်သည့်နည်းကဲ့သို့ ရှိလေသည်။

ထိုနေရာသည်ကား-ငါးထပ်ကြီးဘုရား တည်တော်မူမည့်
စစ်ကိုင်းမြို့ အနောက်မျက်နှာရှိ အံ့လောက်ဖွယ် သာယာလှသော
ဥယျာဉ်တော် ညီညာပြေပြစ်၍၊ အဖုအထစ်မရှိ ပြန့်ပြူးသော
မြေနေရာ ဖြစ်ပေသတည်း။


# တပ်ကြီးငါးတပ်ခင်း၍၊ ထွက်တော်မူပြန်ခြင်း၊

မင်းရဲရန္တမိတ် မည်သောမင်းတရားကြီးသည်၊ ရှင်မိဖုရားခေါင်ကြီးနှင့်တကွ မှူးမတ်ဗိုလ်ပါ အစုံအလင် မင်းညီမင်းသားတို့ ခြံရံလျက် အင်းဝနေပြည်တော်မှ ကရဝိတ်ဖေါင် စကြာရတနာယာဉ်ထက်, စီးနင်းတော်မူ၍၊ ခမည်းတော် သာလွန်မင်းကြီး, ကောင်းမှုတော် ရာဇမဏိစူဠာ စေတီတော်ကြီးအား ဖူးမြော်ရန် ထွက်ချီတော်မူသည်။

ထိုသို့ ထွက်ချီရာတွင်........

(၁) တပ်ကြီးငါးတပ်ခင်း၍၊ ထွက်တော်မူခဲ့ရာ .......
(၂) စစ်ကိုင်းမြို့အနောက်မျက်နှာတွင် ရာဇာစိုးမင်းတို့ ပိုင်သော* **မြေငါးပယ်** ရှိ ဥယျာဉ်တော်တွင် တပ်ကြီးချ၍ စံတော်မူသည့် နေရာသည်၊ ကုန်းမြင့် ညီညွတ်ပြန့်ပြူးသော ဌာနဖြစ်သည်နှင့်........

* တပယ်—တကေနှင့် ၄-ဒသမရှိသည်။



ရွှေးဝေဠုဝန် ဥယာဉ်တော်ကြီးမှ
မျိုးကျန်ရစ်နေသေးသော ဝါးဘိုး ရုံကြီးပုံ။

(၃) ဘုရားတည်ရန် တခါတည်း ပန္နက်စချပြီးလျှင် ပလ္လင်တော်ငါးဆင့်—

(၄) ဌာပနာတော်တိုက်မနှင့် ဇမ္ဗူဆိမီး ရုပ်ပွါးတော်ကြီးတွင် သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရား၏ ဓါတ်တော် မွေတော်များကို ဌာပနာတော်သွင်းလျက်အောက်ပါ စံနစ်တော်အတိုင်း တည်ထားတော်မူပြီးလျှင်—

(၅) ကျောင်းတော်ပြာသာဒ် ဆောက်လုပ်ရာ ကုန်း ငါးဆင့် ရှိပြန်သဖြင့် ငါးလီသောအရာတို့ကို အကြောင်းခံပြီးလျှင် **" ငါးထပ်ကြီး "** ဟူ၍လည်း သမုတ်တော်မူသည်။

သက္ကရာဇ် ၁၀၂၀-ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့တွင် ငါးထပ်တိုင် ထူတော်မူသည်။

* * * * *

# ရုပ်ပွါးတော်အချိုးစံနစ်များ။

ဥဘကာတော်အမြင့် (နှစ်ဆယ့်ရှစ်တောင်)
ဦးခေါင်းတော်လုံးပတ် (ရှစ်တောင်နှစ်မိုက်)
နှာသီးတော် (တဆယ့်ရှစ်တောင်နှစ်မိုက်)
ခါးတော်လုံးပတ် ( ။ )
ဒူးစွန်းတော်နှစ်ဘက် ( ။ )
နှာရိုးတော် (လေးတောင်လေးသစ်)
နှာတော်အဝ (၁၂-သစ်)
ခံတွင်းတော် (နှစ်တောင်တမိုက်)
ခံတွင်းတော်အကျယ် (၁၂-သစ်)
မျက်ခုံးတော် (သုံးတောင်)
မျက်ခုံးအနံ (တမိုက်)
မျက်ခုံးအကျယ် (တဆယ့်နှစ်သစ်)
မျက်လုံးတော် (နှစ်တောင်)
မျက်လုံးအနံ (တမိုက်)
သင်းကျစ်တော် (တဆယ့်နှစ်တောင်)
သင်းကျစ်အနံ (တဆယ့်လေးသစ်)
သင်းကျစ်အောက် မေးဖျားထိ (ခြောက်တောင်)

နှာသီးတော်နှင့် နှာတော်ကား (ခြောက်တောင်)

ပခုံးတော် (ခြောက်တောင် တမိုက်)

ပခုံးစွန်းဖျားက တတောင်ဆစ်အထိ ( ခုနစ်တောင် နှစ်မိုက် လေးသစ်)

တတောင်ဆစ်က လက်ကောက်ဝတ်အထိ ( ခုနစ်တောင် တမိုက် လေးသစ်)

လက်ကောက်ဝတ်က လက်ဖျားဆုံးထိ ( ခြောက်တောင် )

လက်မတော် (နှစ်တောင် နှစ်မိုက်)

အကြွင်းလေးချောင်း လက်တော် (သုံးတောင်စီ)

ခြေချောင်းတော် ငါးခု (တတောင်လေးသစ်)

ခြေဘဝါးတော် (ခြောက်တောင်)

★ ★

# ရာဇဝင်မှတ်ချက်၊


ဤငါးထပ်ကြီးဘုရားကို သက္ကရာဇ် ၁၀၁၀-ခုနှစ် နန်းတက်သော မင်းရဲရန္တမိတ် သည်၊ ၁၀၂၀-ခုတွင်မှ "ဝေဠုဝန်" ဘွဲ့တော်ယူ၍၊ စစ်ကိုင်းမြို့၊ အနောက်မျက်နှာအရပ်၊ သာယာ ညီညွတ်သော ဥယျာဉ်တော်မြေမြတ်၌၊ တည်တော်မူခဲ့သည်။

သက္ကရာဇ် ၁၀၁၅-ခုနှစ်၊ ညီတော်အကြီး အိမ်ရှေ့မင်း နတ်ရွာစံတော်မူ၍၊အိမ်ရှေ့မင်း သားတော်အကြီး "နရာဇေယ" ကို အိမ်ရှေ့အပ်နှင်းသည်။ စလင်းမြို့ကိုလည်း ကံကျေးခံရသည်။

၁၀၁၈ ခုနှစ်၊တပေါင်းလတွင် သမီးတော် "သိရီဘုန်းထွတ်" ကို တူတော်အိမ်ရှေ့မင်းနှင့် စုံဖက်တော်မူ၍၊၁၀၂၀-ခု၊နတ်တော်လ၌၊ သမီးတော်သိရီဘုန်းထွတ် အိမ်ရှေ့မိဖုရားမှ သားတော် **"နရာဒိဗ္ဗ"** ကို ဖွါးမြင်တော်မူသည်။

သမီးတော် သိရီဘုန်းထွတ် မီးယပ်ရောဂါနှင့် လွန်တော်မူရာ အိမ်ရှေ့မိဖုရားတို့ကို သင်္ဂြိုဟ်သည့်နည်းအတိုင်း သင်္ဂြိုဟ်တော်မူသည်။

ထိုနှစ်(၁၀၂၀)ခု၊ ပြာသိုလတွင် ငါးထပ်ကြီး ဝေဠုဝန် ဘုရားရှင် ရုပ်ထုတော်ခါးတွင် သမီးတော် သိရီဘုန်းထွတ် ငယ်စဉ်က၊ ကစားတော်မူသော ရွှေရုပ်၊ ငွေရုပ် များ၊ ကြီးမှဆင်ယင်တော်မူသော တန်းဆာစသည်များကို ရွှေပေခတ်၍ ပိဋကသုံးပုံ ကျမ်းဦးကို ကညစ်ဖြင့်အက္ခရာရေး၍ ဌာပနာတော်မူသည်။



ဘုရားပရဝုဏ်အတွင်းမှ မြင်ရသော
ပြဿဒ်ကြီးပုံ။

ဤငါးထပ်ကြီးဘုရားကိုပင် ခမည်းတော် သာလွန်မင်း တရားလက်ထက်မှာတည်၍ ကောင်းမှုတော်ဘုရားကြီးတည်စဉ် အုဋ်လှည်းတစီးလျှင် အုဋ်တချပ်ယူ၍ တည်လေဟန် စွဲမှတ် ပြောကြသေး၏။ အမှန်မှာ ခမည်းတော်မင်း နတ်ရွာစံပြီး မင်းရဲ ရန္တမိတ်သည်၊ ရာဇာဘိသေက ခံယူ၍၊ သက္ကရာဇ် ၁၀၂၀-ခုနှစ်မှ ပင် စတင်တည်ထောင်ခဲ့လေသည်၊ သို့ဖြစ်၍ အုဋ်တချပ် ယူတည် ခြင်းဆိုသည်မှာ အရပ်စကားမျှဖြစ်ရကား ယုံကြည် မှတ်သား ခြင်း မပြုအပ်ပါပေ။

စစ်ကိုင်းမြို့၊ **ညောင်ပင်သာဆရာကြီး, ဦးပုည သည်၊** ဤ ဝေဠုဝန် ငါးထပ်ကြီး,သမိုင်းအချုပ်ကို အောက်၌ ပါသည့်အတိုင်း မော်ကွန်းဝင် မှတ်တမ်းတင်ထားခဲ့လေသည်။

## စစ်ကိုင်း ငါးထပ်ကြီးဘုရား သမိုင်းဖွဲ့ တေးထပ်။

"တထောင် နှင့် နှစ်ဆယ်ခုမှာ၊ ဝေဠုဝန်ပရမေ၊
ကိုးဂုဏ်ရှင့်စိန္တေမှာ ခြောက်ရောင်ဝေ ကျော်ကြား။ ။

သဗ္ဗညု—ကိုယ်စားတော်၊ ကြီးတေဇော် သုံးလူ့
ထွတ်ထား။ ။

ဗျာဒိတ်ရ ရွှေပြည်၊ အင်းဝမည်ထင်ရှား၊ သဒ္ဒါတော်ပတ္တမြားကဲ့သို့၊ ဘုရားရှင့်ဒါယကာ။ ။

**မင်းရဲ** ခေါ် **ရန္တမိတ်** ဘွဲ့တံဆိပ် မြန်းထွတ်ရာဇာ။ ။

ငါးထပ်ကြီးသမိုင်းလာကို၊ မြညောင်သာ စံကွန်းကဥာဏ်စွမ်းနှင့် ချီသာစွာ-တေးဖွဲ့လို့မှာ။ ။

သေလာမို့ ဝေဆာပျို့-ဇေယျာမြို့ မင်္ဂလာငယ်.... ကပ်ကမ္ဘာတိမ်ဘူးပလေး........"

★ ★ ★

# စစ်ကိုင်းကျောင်းတော်ကြီး၊

စစ်ကိုင်းမြို့၊ ငါးထပ်ကြီးဘုရားအနီးတွင် ကျောင်းတော်ကြီး, ကျောင်းတိုက်ရှိလေသည်။ သည် ကျောင်းတော်ကြီးကို၊ သက္ကရာဇ် ၁၀၁၅—ခုနှစ်ကပင် ငါးထပ်ကြီးဘုရား ဒါယကာ, မင်းရဲရန္တမိတ်၏ နှမတော် **အိမ်ရှေ့မိဖုရား** က ဆောက်လုပ်လှူဒါန်းခြင်းဖြစ်သည်။

နှမတော် အိမ်ရှေ့မိဖုရားကို တူတော် အိမ်ရှေ့မင်းနှင့် စုံဖက်တော်မူပြီးနောက် နှမတော်အား ဤ စစ်ကိုင်းမြို့ကို အပိုင်စားပေးသနားထားလေသည်၊စစ်ကိုင်းမြို့ကို ကံကျေးခံယူရသော နှမတော် အိမ်ရှေ့မိဖုရားသည်၊ ငါးထပ်ကြီးဘုရားမတည်မီ မိမိအစိုးပိုင်သော စစ်ကိုင်းမြို့အနောက်မျက်နှာအရပ်၊ ငါးထပ်ကြီးဘုရား အနီးတွင် ကျောင်းတော် ဆောက်လုပ်သည်ဖြစ်၍၊ **"စစ်ကိုင်းကျောင်းတော်ကြီး"** ဟု ခေါ်ဝေါ်ကြလေသည်။

အမှန်အားဖြင့် ဤ ကျောင်းတော်ကြီးသည်၊ သက္ကရာဇ် ၁၀၁၇-ခုနှစ်ကပင် အောင်မြင်ပြီးမြောက်ခဲ့လေသည်၊ ကျောင်းတော်ရာမြေမှာ ၁၈-ကေရှိ၍၊ ညီညွတ်လှသောမြေတွင် တိုင်ပေါင်း ၁၀၀၊ တံတိုင်းမဟာရာမ် ၂—ထပ်၊ အရှေ့တောင်အနောက်မြောက်ဖက်တို့တွင် စုလစ်မွန်းချွန် တပ်ဆင်သော မုခ်ပေါင်း ၈—ပေါက်ရှိသည်။

ဤ ကျောင်းတော်ပေါ်တွင် ဥာဏ်တော် ၄-တောင်ကျော်ရှိ ဇမ္ဗုပတိမင်း ချွတ်ခန်း ရုပ်ပွါးတော်တဆူလည်းရှိသည် မျက်လုံးတော်နှစ်ဖက်၌ မှန်မြတ်၍ အဘိုးတန် ရတနာကျောက်မြတ် ရှိတော်မူသည်။

ဇင်းရုပ်ပွါးတော်မှာ ယခုထက်တိုင်ရှိလေသည်၊ ကျောင်းတော်ကြီးအား ရည်မှတ်လှူထားသေါ ဝတ္တကံလယ်မြေများလည်း ယခုထက်တိုင်ရှိသည်။ သက္ကရာဇ် ၁၂၄၅-ခုနှစ်က ငါးထပ်ကြီးပြာသာဒ်တော် မီးသင့်သောအခါ ကျောင်းတော်ကြီးတိုက်တွင်းရှိ ဆရာတော်, ဦးအာလောက အမှူးရှိသော သံဃာတော်များသည်၊ ဟောင်းနွမ်းသော ကျောင်းတော်အချို့ကို ဖျက်ယူ၍၊ ငါးထပ်ကြီး ပြာသာဒ်တော် ဆောက်လုပ်တော်မူကြရာ ယခုတိုင် ဇင်းကျောင်းတော်ကြီးတိုင်များကို တွေ့မြင်နိုင်ကြပေမည်။

ဆရာတော် ဦးအာလောက၏ တပည့်အစဉ်အဆက်များဖြစ်ကြသော တိုက်အုပ်ဆရာတော်-ဦးသုန္ဒရ စသော မထေရ်ကြီးများသည်၊ ဇမ္ဗုပတိချွတ်ခန်း ရုပ်ပွါးတော်ကို အစဉ်အဆက်အားဖြင့် ရွှေသင်္ကန်းကပ်လှူကြခြင်း, ပိဋကတော်များကို အစဉ်စောင့်ရှောက်ထိန်းသိမ်းကြခြင်းများ ပြုလုပ်ခဲ့လေသည်။

ဤ ကျောင်းတော်ကြီးကို ၁၀၁၇-ခု၊ ကဆုန်လတွင်၊ မင်းခမ်းသဘင် ဆင်ယင်လျက် ရေစက်သွန်းချ, အောင်ပွဲတော်ကြီးကို ပြုလုပ်ခဲ့ကြောင်း ရာဇဝင်၌၊ အဆိုရှိလေသည်။

ကျောင်းတော်ကြီး, ရေစက်သွန်းချပွဲသဘင်တော်သို့၊ မောင်တော် "မင်းရဲရန္တမိတ်" ဘုရင်မင်းမြတ်သည်၊ ချွေရံပရိသတ် စုံလင်စွာဖြင့် အင်းဝနေပြည်တော်မှ ဤစစ်ကိုင်းသို့ ထွက်တော်မူကြီး, ထွက်တော်မူပြီးလျှင် ကိုယ်တော်တိုင် ရေစက်သွန်းချတော်မူသည်။

လောကုတ်လောကီ နှစ်လီစွယ်စုံ၊ ထုံတော်မူပြီးသော ဆရာတော် **"ဒါဌာနာဂရာဇဂုရု"** မထေရ်မြတ်အား တံဆိပ်နာမည်တော် နှင့် တကွ တင်လှူ ကိုးကွယ် တော်မူသည်။ **" လေးထပ်ဘုံသာတုလွတ်ကျောင်းတော်ကြီး "** ဟူ၍ ၎င်း၊ ***"ဘုံသာတုလွတ်"** ဟူ၍၎င်း၊ ကမ္ဗည်းရေးထိုး သမုတ်လေသည် ကျောင်းတော်က အလွန်ကြီးကျယ်၍လည်း 'ကျောင်းတော်ကြီး" ဟု အမည်တွင်**လေ**သည်။ ခမည်းတော် သာလွန်မင်းတရားလက်ထက်ကပင် အလွန်ထင်ရှား ကျော်စောတော်မူခဲ့သော ဆရာတော် ဒါဌာနာဂရာဇဂုရု မထေရ်မြတ်သည်၊ သာသနာတော် အနှစ်ငါးထောင်ပွားစီအောင် ဥာသ်ရှစ်စောင် အဖွင့်နိရုတ္တိသာရမဉ္ဇူသာ ပါဠိကျမ်းကြီးကိုလည်း ပြုစုစီရင်တော်မူသည်။

---

* လေးထပ်ဘုံသာတုလွ**တ်** ဟူ၍၎င်း၊ မင်္ဂလာရွှေဘုံတိုက် ဟူ၍၎င်း။ ကျောင်းတော်ကြီးတို**က်**ဟူ၍၎င်း။ အမည်တွင်သော ဤကျောင်းတော်ကြီးကို "ဘုံသာတုလွတ်ကျောင်းတော်ကြီး" ဟု ကမ္ဗည်းရေးထိုးလေ**သ**ည်။ ရေးထားသော ကျောက်ချပ်နှင့်ဂူကို ယခုတိုင် တွေ့မြင်နိုင်ကြသည်။

ဤကျောင်းတော်ကြီးကို ရေစက်သွန်းချ၍၊ လှူသော အခါ၊ ဆရာတော် ဒါဌာနာဂရာဇာဂုရု, အားလည်း အလုပ် အကျွေး အရောမ်အစောင့်များနှင့် တကွ လှူတော်မူသည်။

"ဝေဇယန်နှင့် နှုန်းငြား မထူးခြား + ရွှေကျောင်း တော်ကြီးဘုံဆောင်၊ ကျူးလွန်အောင်ဆောင်တကာ လေဝန်း၊ ထွေတရာလေဆန်း၊ ငွေအရောင်လိုပင်၊ ရွှေ အရောင်လိုထင်၊ ရှိန်အရိန်ပြာအရာ—နီအရီ သယ်လေ ကျောင်းတော် ကျူးကျော်သည့်လေဟန်၊ ဖာလ်မှန် ရောင်မြနှင့် စိန်နီလာ၊

ကြောင်နှင့်ပုလဲ နေခြည်ရောင်သင့်သောအခါ ဘယ်သူ ပင် ကြည့်ဝံ့ဘူး + မြင့်လှဖြူးဖြူး တိမ်ဆီ အံ့သြကြဘူး နိုင်ပြီ၊

စိန်ကြောင်လိုပင် မြင်လျှင်ဝင်းဝင်းညီ + ဖီးမှားမှား ဟာဟုတ်ဘူး, ကျူးကဲတောင်း ကျောင်းလုံးထွန်း + တောင်ဆောင်သာဘုံများတိုးဆင့်ဆင့်ပွဲး + ဆန်းပြား ထူးထွေလာ+တွေးတောမှန်နိုင်ရာ ဝိသုကာနတ်တကာ ပေါင်းကြဝိုင်းညီကာ သိကြားဆော်ဖန်လာပြီးကြောင်း စီးကြောင်း စိန်ကြောင်လေပတ္တမြားကိုးပါးမျက်ရှင်ဖြာ ချည့်လေး +

သံသရာဖိုသာ၊ ရိက္ခာကံကျွေးရင်းနှ ီး+ ပြီးစီးမြောက် အောင်ပင်—ချီးအံ့ကုန်နိုင်ထင် + နှုန်းအင် ဖက်ကင်း သန့်ရှင်းခါကျော် သာခေါ် လေလှူပွဲ—ဘုန်းခြိမ့်ခြိမ့်သဲ "

ဤသည်တို့ကား စစ်ကိုင်းကျောင်းတော်ကြီး,အနုမောဒနာပြုပွဲတွင် ဖွဲ့ဆိုထားသော **"ကျောင်းတော်ကြီးကြိုး"** ဖြစ်လေသည်။

ဤကြိုးဖွဲ့အရ ဆိုပါလျှင် ကျောင်းတော်ကြီးသည်၊ စုလစ်မွန်းချွန်နှင့် ဘုံအဆင့်ဆင့် အဆောင်အခန်းခန်း,ရှိသည့် ပြင် ထူးထွေဆန်းပြားလှသော ရတနာကိုးပါး ခြယ်လယ်မွန်းမံ လျက်=ရွှေအတိ ဖြစ်၍၊ မိုးပါးနိုးမျှ ကြီးကျယ် ခန်းနားပုံကို အာရုံမြှော်တွေး ငေးမောကြည့်ရှုရမတတ်ဖြစ်ရကား ကျောင်းတော်ကြီးကို မြှော်မှန်း,လျက်သာ ကြေးမုံရိပ်အသွင် မြင်ယောင်မိလေသည်။


★ ★

# ငါးထပ်ကြီးဘုရားတိုင်ရဲတင်းလင်္ကာ၊

ငါးထပ်ဘုရား၊ ငါးပါးရန်စင်၊ ငါးမာရ်နှင်၍ ယင်ပြင်
ရွှေမြောက်၊ ရှေ့တော်ရောက်က၊ မြောက်ဒဝယ်ဗိုလ်၊
မတ်ရွယ်ပျိုကို ကိုယ်အန္တရာယ်၊ ဇဉ်းငယ်ကိစ္စ၊ မရှိရဘဲ
တမျှဝန်းလည်၊ နောင်ဘုန်းစည်အား၊ ဆံခြည်ခြမ်းခန့်
မြူတည့်နှံ့မျှ၊ တွန့်ရှောက်မငင်၊ ထဲကြည်လင်၍....၊

သည်လျှင်မွန်ဟိတ်၊ အမိဋ္ဌာန်နှုတ်၊ ဒွိဝုစ်မလို၊ ကေန်
ဆိုဖြင့်၊ အိုခပ်နှမ်း၊ ဟော့ရမ်းသောသွမ်း၊ ကြော့
ကြမ်းမာခက်၊ ဝက်, အနူန်းထား၊ ကြံမှုန်းစားသည်၊
ပတ္တမြားရောင်ဝေ၊ ပြောင်လေလေသို့၊ အောင်စေ,
မြင်စေ၊ လျင်စေသတည်း၊ သစ္စာစည်းသည်၊
ကမ္ဘည်းမင်္ဂလာ ကမ္ဘာမကုန်ဆုံးခန်းတည်း။ ။

အထက်ပါ ရဲတင်းလင်္ကာကို **"ဒုတိယနဝဒေးကြီး"**
စပ်ဆိုခဲ့လေသည်၊ ကုန်းဘောင်ခေတ် ရတနာပုရ-အင်းဝပြည်ကြီး
ရှင်, ဘကြီးတော်မင်းတရားလက်ထက်၊ ညီတော် သာယာဝတီ
မင်းသားသည်၊ နောင်တော် ထီးနန်းစည်းစိမ်ကို လုပ်ကြံရန်
အတွက် ရတနာသိဃ် ကုန်းဘောင်(ရွှေဘို)သို့ ထွက်တော်
မူစဉ် နောက်ပါ ရဲဘော် ရဲဘက်များနှင့်အတူ ဤငါးထပ်ကြီး
ဘုရား ရှေ့မြောက်တွင် သစ္စာအဓိဋ္ဌာန်မူအပ်သော ဒုတိယ
နဝဒေး ရေးရင်း ရဲတင်း လင်္ကာဖြင့် ရှိခိုးဝတ်ပြုခဲ့ခြင်းဖြစ်သည်။



ဂန္ဓကုဋိဘေားတွင် ပူဇော်ထားသော
ရဟန္တာမထေရ်ကြီးများပုံ။

## မင်းရဲရန္တမိတ်လက်ထက်၊

# ပတ္တမြားငမောက်ကျောက် ရရှိခဲ့ခြင်း၊

ဘုန်းကံသမ္ဘာရှင်မင်းများအုပ်စိုးသောအခါ အဖိုးတန်ကျောက်မျက်ရတနာများ, ပေါ်ထွက်ရှိးရှိခဲ့၏။ မြန်မာဘုရင်များ အဆက်ဆက်တွင် အမြတ်တနိုး, ပူခြင်းခံရသော ''နန်းစဉ်ပတ္တမြား ငမောက်'' အကြောင်းကို ဖေါ်ပြလိုပေသည်။

ဤမင်းရဲရန္တမိတ်လက်ထက်တွင် တန်ဖိုးမဖြတ်နိုင်သော ပတ္တမြားရတနာကြီးကို မိုးကုတ်နယ်မြေအတွင်း အင်းခေါင်းအရပ်မှ တူးဖေါ်ရရှိခဲ့ဘူး၏။

ရရှိခဲ့ပုံမှာ ချင်းတွင်းနယ်သား **''ငမောက်''** ဆိုသူသည် မိုးကုတ်နယ်မြေသို့ လာရောက်၍၊ ကျောက်တွင်းများ တူးဖေါ်နေရာ တနေ့တွင် တူးဖေါ်နေရာ ကျောက်တွင်းမှ ပြိုးပြိုး ပြက်ပြက် တခဲနက် အရောင်ထွက်လျက် ထူးဆန်းစွာ တောက်ပနေလေသည်၊ ထိုကျောက်ကား ပတ္တမြားနီကြီးဖြစ်၏။ ချင်းတွင်းသား ''ငမောက်'' သည်၊ ဝမ်းသာအားရစွာ ထိုကျောက်နီ ပတ္တမြားတုံးကြီးကို ယူဆောင်၍၊ မိမိနေရာဌာနသို့ ရောက်လျှင်၊ ၎င်းပတ္တမြားတုံးကြီးကို နှစ်ပိုင်းခွဲ၍ တပိုင်းကို ယောက်ဖဖြစ်သူ **မောင်ရွှေ** ဆိုသူအား တရုပ်ပြည်ဖက်သို့ သွားရောက်ရောင်းချပါရန် စေလွှတ်လိုက်လေသည်။

ကျန်တပိုင်းကို သက္ကရာဇ် ၁၀၂၃-ခုနှစ် ငါးထပ်ကြီး ဘုရားဒါယကာ, မင်းရဲရန္တမိတ် မင်းတရားအား ဆက်သရာ ဘုရင်မင်းမြတ်ကလည်း အားရဝမ်းမြောက်တော် မူလှသဖြင့် ချင်းတွင်းသား "ငမောက်"အား ဆုလာဘ်တော်များကို ပေး သနားလေသည်၊ ဤပတ္တမြားကို ချင်းတွင်း "ငမောက်" ဆိုသူ က၊ ဆက်သသောကြောင့် "ပတ္တမြားငမောက်" ဟူ၍ရင်း၊ "ငမောက်ပတ္တမြား" ဟူ၍ရင်း၊ ရာဇဝင်၌ အဆိုရှိလေသည်။

မောင်ရွှေ တရုပ်ပြည်သို့ သွားရောက် ရောင်းချသော ပတ္တမြားကျောက်တပိုင်းမှာလည်း ထိုအချိန်က တရုပ်မင်းဆက် များ ပျက်စီးနေချိန်ဖြစ်၍ တိုင်းပြည် မညိမ်မသက်ရှိလေရာ၊ တရုပ်အမျိုးသားများသည်၊ မြန်မာပြည်သို့ ခိုးဝင်ယူဆောင် လာခဲ့ပြီးလျှင် အင်းဝနေပြည်တော် မင်းရဲရန္တမိတ် ဘုရင် မင်း မြတ်ထံသို့ ခိုလှုံ၍ ဆက်သလေသည်။

ဘုရင်မင်းသည်၊ တရုပ်လူမျိုးများ ဆက်သ သော ကျောက်နီပတ္တမြားတပိုင်းကို ကြည့်ရှုရာ အားရဝမ်းမြောက်၍ ဆုလာဘ်များကို ပေးသနားတော်မူ၏။

မိမိတွင် ရှိရင်း ငမောက် ကျောက်တခြမ်းနှင့် ဆက်၍ ကြည့်ရာ တလုံးတည်းသော ရှုမညီးနိုင်သည့် ကျောက်တုံးကြီး ဖြစ်နေကြောင်း သိရလျှင် ချင်းတွင်း ငမောက်-အား "အား လုံးကို မဆက်ရာကောင်းသလော...." ဟု အမျက်တော် ပွါးလေ သည်။

မင်းရဲရန္တမိတ်သည်၊ မင်းပရိယာယ်ဖြင့် ရေဝေးကွာရာ တောင်ကုန်းအရပ်တွင် မီးလောင်တိုက်များ ပြုလုပ်၍ (ငမောက်)၏

ဆွေ ၇-ဆက် မျိုး ၇-ဆက်များကိုခေါ်ယူပြီး ကွပ်မျက်လိုက်လေ၏။

ငမောက် ၏ ဆွေမျိုးသားချင်းတို့ကို မီးတိုက်နေသော အခါ ငမောက်၏ အစ်မအရင်း **ဒေါ်နန်း** မှာ ရင်ကွဲ နာကျ၍ သေလေ၏။ ဒေါ်နန်း သေဆုံးရာ တောင်ကို "ဒေါ်နန်းကြည့် တောင်"ဟု ယခုတိုင် ခေါ်ဆိုနေကြလေ၏။ ငမောက် သေဆုံးရာ အရပ်ကို **ရေဝေးတောင်** ဟု အမည်တွင်လေ၏။ ဤ ငမောက် ကျောက်ကြီးကား ရတီ-၉၀၀ ခန့်ရှိ၏။ မိုမောက်သော သဏ္ဌာန်ရှိ၍လည်း " မိုမောက်ကျောက် " ဟူ၍လည်း အဆိုရှိသေးသည်။

ဤ ငမောက်ကျောက်ကို နန်းစဉ်မင်းဆက် အသုံးပြု တော်မူခဲ့ကြ၏။ **သီပေါမင်း** လက်ထက်တွင် ပြင်သစ်လူမျိုး တို့သည် မိုးကုတ်နယ်မြေကို ဝယ်ယူလိုကြရာ ဝက်မစွတ်မြို့စားက ငမောက်ပတ္တမြားကို တထွာမျှမြင့်သော ဝါဂွမ်းဖြင့် ဖုံးအုပ်ပြသ လေ၏။

ထိုအခါ နီရဲနေသော အချင်းအရာများကို မြင်ရလျှင် တန်ဖိုးကိုဖြစ်စေ၏။ ပြင်သစ်လူမျိုးတို့သည်၊ မိုးကုတ်နယ်မြေ၏ တန်ဖိုးကို သိကြလေရာ-ဝယ်ယူလိုသောစကားကို မပြောရဲကြ တော့ဘဲ လုပ်ကိုင်ခွင့်ကိုသာပေးရန် တောင်းဆိုကြလေသည်။

ဤမျှထင်ရှား၍ တန်ဖိုးမဖြတ်နိုင်သော နန်းစဉ်ငမောက် ပတ္တမြားကြီးကို သီပေါမင်း ပါတော်မူစဉ် ပျောက်ဆုံး, ခဲ့ရလေ သည်။


# ငါးထပ်ကြီးဘုရားဒါယကာ,
## နတ်ရွာစံတော်မူရခြင်း။

ညီတော် ပြည်မင်းသည်၊ သက္ကရာဇ် ၁၀၂၃-ခုနှစ်၊ နယုန်လတွင် အမှုထမ်းများ လျှောက်ထားသည့်စကားကို နားယောင်ပြီးလျှင် "ဒေဝဒတ်စကားကို နားမှားသော အဇာတသတ်မင်းကဲ့သို့" ဖြစ်၍၊ အလုံးအရင်းများနှင့်အတူ မြဝတီမင်း နေမျိုးစံကျော်ကို ရှေ့ဆောင်ပြုစေလျက် အင်းဝနေပြည်-ရွှေနန်းတော်သို့၊ အရောက်ချီတက်လေသည်။ ယင်းသို့ ချီလေရာ စံရာတံခါးကန့်နက်အိပ်ဖန်ထွက်ကို ဝင်လေသည်။

မြေနန်းရှေ့သို့ရောက်မှ တိုက်စည်သံကြားရလျှင် ညီတော်ပြည်မင်း, ပုန်ကန်ကြောင်း အတတ်သိသော်လည်း ရုတ်တရက်ပြင်ဆင်မှုမရှိရကား.... မည်သို့မျှ ခုခံတိုက်ခိုက်ရန် မတတ်နိုင်သဖြင့် မင်းတရားလည်း ပုန်း၍နေတော်မူရလေသည်။

ရှင်မိဖုရားမှာ သလွန်တော်တွင် သားတော် ရှစ်နှစ်ရွယ်ရှိ၊ မင်းရဲသိခ်သူကို လက်ယာကထား၍ မြေးတော် လေးနှစ်ရွယ်ရှိ နရာဒိဗ္ဗ ကို လက်ဝဲကထား၍နေလေသည်။

ပြည်မင်းတပ်—နန်းတွင်းသို့ ဝင်ရောက်၍ ထိုးခုတ်ပစ်သတ်ကြလေသည်၊ နန်းထက် နန်းအောက် ရေကန်တိုက်တော်များတွင် မှူးမတ်သူရဲကောင်း ယောကျ်ား-မိန်းမ နှစ်ဆယ်ကျော်ဆုံးရှုံးရလေသည်။



ဂန္ဓကုဋိတွင်းရှိ၊

ရုပ်ပွါးရပ်တော်မူပုံ။

ညီတော်ပြည်မင်း နန်းတော်ထက်သို့ တက်၍၊ရဲမက်တော် ပြည့်မှ နောင်တော် မင်းရဲရန္တမိတ်သည်၊ ပုန်းအောင်းရာက ထွက်၍၊ သလွန်တော်တွင် မိဖုရားနှင့်အတူ နေလေသည် ထိုအခါ ပြည်မင်းက "နောင်တော်ဘုရားကို ပုန်ကန်ရခြင်းမှာ အမှုထမ်း တို့ အကြိမ်ကြိမ်လျှောက်ထားကြ၍၊ ကြံရခြင်းဖြစ်ပါသည်၊ သူတို့ စကားကို မလိုက်နာလျှင် အရေးအခင်း တွေ့မည်ဖြစ်၍၊ "သံဃာ့ အား ဘုရားမလွန်ဆန်နိုင်" သကဲ့သို့ လိုက်ရကြောင်း" ကို လျှောက်လေသည်။

မိဖုရားခေါင်ကြီးက .. "အမောင်ပင် မင်းပြုပါတော့ ငါတို့မှာ အမောင့်ခြေရင်းတွင် သီတင်းသီလ ဆောက်တည်၍ နေပါတော့မည်၊ အမောင့်တူတော် နှင့် မြေးတော်ကိုလည်း ရဟန်းပြုပါမည်၊ ခွင့်ပြုတော်မူပါ" ဟု မိန့်လေသည်။

ပြည်မင်းက "မဟာမျိုး မဟာနွယ်များမှာ ရဟန်းပြုရိုး အစဉ်အလာရှိပါသလော" ဟု လျှောက်ပြန်ရာ " ငါတို့ချမ်းသာ အောင် မောင်ကြံပါတော့ " ဟု မိန့်လေ၏၊ထိုအခါပြည်မင်းက.... "ခမည်းတော်ဘုရား သစ္စာတော် နောင်တော်သစ္စာတော် ဝမ်း တွင်ရှိပါသည်၊ အထွေအထူး မကြံလိုပါ" ဟု လျှောက်ပြီးနောက် နောင်တော်ဘုရားနှင့်တကွ မရီးတော်(မိဖုရားခေါင်) သားတော် မြေးတော်တို့ကို မိဖုရားခေါင်ကြီး အိမ်တော်မှာ နေကြရလေ သည်၊ စားတော်ဦးကိုလည်း နေ့တိုင်း ပို့ဆက်လေသည်။

အတန်ကြာမြင့်သောအခါ ကိုယ်ရံတော်များနှင့် မကောင်း သော မှူးမတ်အပေါင်းတို့က "သည်အတိုင်းဆိုလျှင် နေနှစ်စင်း

ထွက်ဘိသကဲ့သို့ မင်းနှစ်ပါးဖြစ်လျှင် ခက်ကြချေတော့မည်”ဟု အကြိမ်ကြိမ်ဂုန်းချောတိုက်တွန်းကြရကား.... မင်းလေးပါးတို့ကို ချင်းတွင်းရေတွင် ဖျောက်ဖျက်လေသည်။

မရိုးတော် မိဖုရားခေါင်ကြီးသည်...........

ငါ့—ဝါးဖတ်နှင့်သာ ကြီးပြင်းသသူက ငါ့ကို ပြစ်မှားရလေသည် ဟု ချင်းတွင်းမြစ်သို့ ရောက်သည်တိုင်အောင် မြည်တမ်းရေရွတ်၍၊ လိုက်ပါသောဟူ၏။

ထိုမင်းတရားကို ညီတော်ပြည်မင်းက ရေမှာချလေသောကြောင့် **“ရေချမင်း”**ဟူ၍ ရာဇဝင်ဆရာတို့က ဆိုထားလေသည်။

စစ်ကိုင်း-ဝေဠုဝန် ငါးတပ်ကြီးဘုရားဒါယကာ ဟူ၍လည်း အမည်တွင်လေသည်။

ဤမင်းလက်ထက်တွင် တိုင်းပြည်နှင့် အဝန်း တုန်လှုပ်ချောက်ချားလျက် ငြိမ်ဝပ်ခြင်းမရှိတော့ချေ၊ နေပြည်တော်နှင့်တကွ **စား**နပ်ရိက္ခာ ရှားပါးခြင်း ဂယက်ရိုက် လာခဲ့လေသည်။ တရုပ်နှင့်လည်း စစ်ဖက်နေကြရလေသည်။

မင်းရဲရန္တမိတ် မည်သို့မျှ ဖြေရှင်းနိုင်ခြင်းမရှိသည့်အတွက် မှူးမတ်အပေါင်းတို့သည်၊ ညီတော်ပြည်မင်းအား ငတ်မွတ်ခေါင်းပါးသည့် ပြဿနာတို့ကို ဖြေရှင်းရန် တောင်းပန်ကြခြင်းကြောင့်

ပြည်မင်းသည် အခြေအနေကို မလွန်ဆန်နိုင်သည် အလျောက် နောင်တော်ကို နန်းမှချ၍၊ ရေဋ္ဌဖျောက်ပြီးလျှင် ထီးနန်းကို သိမ်းပိုက်ရခြင်းဖြစ်လေသည်။

ပင်းတလဲမင်းပဲ့ူ၍ငင်း၊ မင်းရဲရန္တမိတ်ဟူ၍ငင်း၊ သမုတ်အပ်သော မင်းတရားသည်၊ အိမ်နိမ့်စံ—၄၁ နှစ် စည်းစိမ်နန်းစံ ၁၃-နှစ်၊ သက်တော် ၅၄-နှစ်တွင် နတ်ရွာစံရလေသည်၊ နံတော်တနင်္ဂနွေသားတည်း။

ရှင်မိဖုရားခေါင်တွင် မြင်သည့် သမီးတော် သိရီဘုန်းထွတ် သားတော်မင်းရဲသိင်္ခသူ နှစ်ပါးသာတည်း။ ကိုယ်လုပ်တော်တို့တွင် မြင်သည့် သားတော် သမီးတော်တို့ကား သါးတော် ၃ ပါး၊ သမီးတော် ၈-ပါး ပေါင်း ၁၁-ပါး ရှိလေသည်။




# ငါးထပ်ကြီးဘုရား-ပွဲတော်များ။

မင်းရဲရန္တမိတ် မင်းတရား တည်ထား ကိုးကွယ်တော်မူခဲ့သော ဝေဠုဝန်–ငါးထပ်ကြီးဘုရားပွဲတော်ကို စစ်ကိုင်းမြို့သူ, မြို့သားများနှင့်တကွ စစ်ကိုင်းမြို့နယ်၊ ပတ်ဝန်းကျင်ရှိ ကျေးရွာအုပ်စုတွင် နေကြသော ဗုဒ္ဓဘာသာဝင်တို့သည်၊ ဂရုဂါရဝ, ပဏာမဖြင့် တုပ်ကွကော်ရော် ပူဇော်ကန်တော့ကြရန် နှစ်စဉ်မင်္ဂလာပွဲတော်ရက်များကို လွန်ခဲ့သော နှစ်ပေါင်း သုံးရာကျော်ခေတ်ကပင် ဖြစ်လေသည်။

မင်းရဲရန္တမိတ်–ငါးထပ်ကြီးဘုရား ဒါယကာ လက်ထက်သက္ကရာဇ် ၁၀၂၁-ခုနှစ်၊ သီတင်းကျွတ်လဆန်း (၃) ရက်မှ၊ (၇)ရက်နေ့ထိ (၅-ရက်တိုင်တိုင်) ခမ်းနားသိုက်မြိုက် စည်ကားစွာ ကျင်းပခဲ့သည်ဟု အဆိုရှိလေသည်။

မြန်မာဘုရင် မင်းတရားများလက်ထက်တွင်မူ.... ကုန်းပွဲ ရေပွဲ ပွဲလမ်းသဘင်, မျိုးစုံ ဈေးဆိုင် ကနား များပြားလှစွာ ကျင်းပခဲ့ကြလေသည်။

ငါးထပ်ကြီး ဘုရားပွဲတော်မှာ သီတင်းကျွတ်လတွင်သာ မဟုတ်ပါချေ၊ နှစ်စဉ် နှစ်စဉ် ထိုမင်းလက်ထက်မှစ၍၊ နတ်တော်လဆန်း ၁၅ ရက်၊ (လပြည့်နေ့)နှင့် လပြည့်ကျော် တရက်နေ့အထိ၊ (၂-ရက်တိုင်တိုင်) ဆီမီးထွန်းညှိ ပူဇော်ပွဲတော်ကိုလည်း ဆင်ယင်ကျင်းပခဲ့ရာ ပွဲတော်မှာနှစ်ကြိမ်တိုင်တိုင် ကျင်းပပူဇော်မြဲ ဖြစ်လေသည်။



ဘုရားကြီးတွင်
အစောင့်နတ်ရုပ်ကြီးများပုံ ။

ဘုရားပွဲတော်ကြီးများ၌၊ ရှေးမြန်မာဘုရင်များ လက်ထက်တွင် စစ်ကိုင်းမြို့ဝန်များ ကွပ်ကဲ၍၊ ကြီးမှူးအုပ်ချုပ်ခဲ့ကြလေသည်။

နောက်ပိုင်းခေတ်များတွင် ငါးထပ်ကြီးဘုရား ဘဏ္ဍာတော်ထိန်း-ဂေါပက, အဖွဲ့ဝင် လူကြီးမင်းများက အုပ်ချုပ်စီမံကြရလေသည်။

ရှေးမြန်မာမင်းများ လက်ထက်ကကဲ့သို့ ကုန်းပွဲ, ရေပွဲစသည်များဖြင့် ခင်းကျင်းခဲ့ခြင်း မပြုလုပ်ကြစေကာ ခေတ်အားလျော်စွာ ဇာတ် အငြိမ့် ရုပ်သေး စသော ပွဲသဘင်များ နှင့် အခြား မျက်လှည့်ပြပွဲ ၇ျန်း-ဘား ဆပ်ကပ စသော ကြည့်ရှုဖွယ်ရာ၊ ပွဲလမ်းများလည်း ပါဝင်လေသည်။

ငါးထပ်ကြီးဘုရား ရင်ပြင်တော် မုခ် အသီးသီးနှင့် တန်ဆောင်း ပြာသာဒ်များတွင်ရင်း၊ ဘုရားပတ်ဝန်းကျင်ရှိ လမ်းများတွင်ရင်း၊ ဆိုင်ကြီး,ကနားကြီး စသည်တို့အပြင် အသေးအဖွဲ့, ဆိုင်များ စားသောက်ဖွယ် ဆိုင်များလည်း ပြည့်ညှပ်စည်ကားလှပေ၏။

စစ်ကိုင်းမြို့နယ် အတွင်းမှ ကုန်းလမ်း—ရေလမ်း ခရီးအသီးသီးဖြင့် ယာဉ်မျိုးစုံလာရောက်ကြလျက် ကုန်ပစ္စည်းချင်းဖလှယ် ရောင်းချမှုများလည်း အစဉ်အလာတရပ်အနေဖြင့် ယခုတိုင် ရောင်းဝယ်ကြခြင်း ကုန်ပစ္စည်း ဖလှယ်ကြခြင်းများလည်း ရှိလေသည်။

နိုင်ကြရကား လွန်ခဲ့သောနှစ်ပေါင်း ၇၀-ခန့်ဆီက ငါးထပ်ကြီး ဘုရားနှင့် ပတ်ဝန်းကျင်ရှိ အဆောက်အဦးများ ဖရိုဖရဲ—ပြိုလဲ ပျက်စီးကြပြန်သည်။

စစ်ကိုင်းမြို့မှ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင် သူတော်စင်အပေါင်းတို့သည်၊ မြင်၍မကောင်း ရှု၍မရ ဖြစ်သော ငါးထပ်ကြီးဘုရား အဆောက်အဦ စသည့် ချို့ယွင်း ပျက်စီးနေပုံတို့ကို တွေ့ရ-ဖူးရ မြင်ရပြန်လျှင်......

ရွှေကိုခင်မင်သောသူသည်၊ ရွှေကျင်ရာ ရွှေတွင်းသို့
သက်ဆင်းရောက်ဘိသကဲ့သို့ ကုသိုလ်ကို ရှာမှီးပြုလုပ်
လိုသော အာသီသနှင့် ဆန္ဒပြင်းထန် စွမ်းအားဉာဏ်
ဖြင့် ထပ်မံ၍ပြုပြင်ကြလေသည်။

ယခုလက်ရှိ ငါးထပ်ကြီးဘုရားကြီး ကိန်းဝပ်တော်မူရာ ဂန္ဓကုဋိတိုက်နှင့် တဆောင်း ပြာသာဒ်တော်ကြီးများ အထွက် မူလရှိရင်း ကျောင်းတော်ကြီးမှ ပျက်စီးနေရာ ကျောင်းတော် ကြီးတိုင်များကို ယူဆောင်လျက် ဆောက်လုပ် ထားသည်ဟု အဆိုရှိလေသည်။

ဤသို့ အသစ် အသစ် ထပ်မံပြုပြင်ခဲ့ကြသော လူကြီး မင်းများ၏ ကျေးဇူးကြောင့်ပင် ယခုအခါ သာယာကြည်နူးဖွယ် ဖူးတွေ့ကြည်ညိုနိုင်ကြရသဖြင့် များစွာကျေးဇူး တင်ထိုက်လှပေ သည်။

အကယ်၍သာ ပျက်စီးယိုယွင်းနေသည်ကို ဆက်လက် ပြင်ဆင်ခြင်းမရှိခဲ့ပါမူ ကြည်ညိုစွာဖူးတွေ့မြင်နိုင်ကြရမည်မဟုတ် ပါချေ။

ဘုရားကြီး ပြုပြင်စောင့်ရှောက်ရေး,
ဂေါပကအဖွဲ့ဝင်လူကြီးမင်းများပုံ။



ဦးလူကလေး၊ ဦးမောင်ကလေး၊ ဦးမွဲ၊
ဦးအောင်ဘ၊

# လက်ရှိဘဏ္ဍာတော်ထိန်းအဖွဲ့။

သဒ္ဓါကြည်ဖြူ၊ အညွန့်လူသဖြင့် ပြည်သူ ပြည်သား အားလုံးတို့၏ ညွှတ်ရှိုးဦးခိုက်ရာ ဝေဠုဝန်-ငါးထပ်ကြီးဘုရားကို အမြဲမပြတ် စောင့်ကြပ်ဆောင်ရွက်လျက်ရှိသော ဂေါပကအဖွဲ့ ဘဏ္ဍာတော်ထိန်း လူကြီးများသည်၊ ဤငါးထပ်ကြီးဘုရား နှင့် စပ်လျဉ်း၍၊ ဘဏ္ဍာတော်ပစ္စည်းအရပ်ရပ်ကို ယုံမှတ်အပ်နှံခြင်း အတွက် စီမံနိုင်ကြလေသည်။

ဤ-ငါးထပ်ကြီးဘုရား ဂေါပကအဖွဲ့ကို ဖွဲ့စည်းရာ၌၊ စစ်ကိုင်းမြို့၊ ရပ်ကွက်ကြီး ၉-ရပ်ကွက်မှ ၃-နှစ်တကြိမ်ဖြစ်စေ၊ ၅ နှစ်တကြိမ်ဖြစ်စေ၊ အသစ်တဖန် ပြန်လည် ရွေးကောက်နေခြင်း မဟုတ်တော့ဘဲ၊ ယခုရှိရင်း ဂေါပက အဖွဲ့ဝင်များကပင် ဆောင်ရွက်နေကြခြင်းဖြစ်သည်။

(ဘိုင်လော စကင်း)အရ အစိုးရက ဖွဲ့စည်းထားရှိခြင်း မရှိသေးမီ ဤဂေါပကအဖွဲ့ဝင်များကိုတရားဝင်အဖြစ် အတည်ပြု သတ်မှတ်နိုင်သေးသည်။

အမှန်အားဖြင့် ဂေါပကအဖွဲ့ဝင်များသည်၊ ဗုဒ္ဓဘာသာ ဝင် လူမျိုးချည်းဖြစ်၍၊ ရတနာသုံးပါး၌၊ အကြွင်းမဲ့ သက်ဝင် ယုံကြည်ကြပြီးဖြစ်ရာ ငါးထပ်ကြီးဘုရား၌၊ လျှပ်စစ်မီးမီး ညှိထွန်းပူဇော်ခြင်းစသော လုပ်ငန်းတာဝန်တို့ကို အားသွန်ကြိုးပမ်း ထမ်းဆောင်ကြလေသည်။

ငါးထပ်ကြီးဘုရား၏ တန်ခိုးတော် ကြီးမား တိုးတက် စည်ပင်ပြန့်ပွါးရန် အကြောင်းလည်း ဖြစ်၍၊ လူ့ရွာ နတ်ထံ နိဗ္ဗာန်အထိ ဆန့်တက်နိုင်ရန် အများပိုင်ကောင်းမှု ဆိပ်ကမ်း သဖွယ် ဖြစ်လေသည်။

သို့ဖြစ်၍၊ရာဇဝင် ကွယ်ပျောက်နေချိန်တွင် ဤငါးထပ်ကြီး ဘုရား တနေ့တခြား,သာယာစည်ကား,ဖွံ့ဖြိုးရေးအတွက် ဆောင် ရွက်ကြရန် တာဝန်ဝတ်တရားသည်ကား-ပြည်သူလူထု၏ တာဝန် ဖြစ်သဖြင့် ပြည်သူတို့၏ လက်ထဲသို့ အလိုအလျောက် ကျရောက် နေသည်ဟု ဆိုထိုက်လှပါပေသည်။

## ဂေါပကအဖွဲ့ဝင်များ။

ငါးထပ်ကြီးဘုရား ပြုပြင်စောင့်ရှောက်ကြသော လူကြီး များမှာ ... ဥက္ကဋ္ဌ—ဦးမောင်ကလေး အစည်ခံရပ်၊ အတွင်းရေးမှူး ဦးလူကလေး၊ နန်းတော်ရာရပ် စသည်တို့ဖြစ်လေသည်။

ထိုဂေါပကအဖွဲ့ဝင်တို့သည်၊ ဘုရားရှေ့ ရင်ပြင်တော် တွင် ကြည်ညိုဖွယ်ရာများကို မွမ်းမံပြုပြင်ခြင်း, အုဋ္ဌတံတိုင်း, အုဋ္ဌခုံ လျှပ်စစ်ဓါတ်မီးတိုင်များနှင့် ဘုရားပြဒိသာဒ်-တန်ဆောင်း တော်များ,တွင် မီးပန်းဆင်ခြင်း, ဘုရားရင်ပြင်တော် အာရုံခံ အထွင်း ကြွေပန်း ကြွေအုဋ္ဌများခင်း၍ အရောင်မျိုးစုံ လှပစွာ တန်းဆာဆင်ထါးခြင်း,ဂန္ဓကုဋိတိုက်အတွင်း,လှပသော ကြွေချပ် ပြားများ ခင်းထားခြင်း, ဂန္ဓကုဋိတိုက်ကို မှန်စီရွှေချခြင်း,ဘုရား ရပ်ပွါးတော်မြတ်ကိုလည်း ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်း, စသည် တို့ကို တွေ့မြင်ဖူးမြော်နိုင်ကြပေသည်။

## ●လောကုတ္တရာရွှေအိုး မြုပ်နှံသိုမှီးကြပါ။

ရှေးဟောင်းဘုရားပုထိုးနှင့် အမျိုးမျိုးသော အဆောက်အဦများကို အသစ်တဖန် ဖြစ်လာစေရန် ပြုပြင်မွမ်းမံခြင်း, ဟောင်းနွမ်းအိုမင်း ပျက်စီးခြင်းများကို ထပ်မံပြုပြင် လှူဒါန်းပြုလုပ်ခြင်းတို့သည်၊ ချမ်းသာခြင်း, ဂုဏ်သိရ်ရတန်ခိုး တိုးပွါးခြင်း စည်းစိမ်ဥစ္စာရတနာ အထွေထွေတို့နှင့် ပြည့်စုံခြင်း၊ အသက်ရှည်ခြင်း စသော ကြီးမြတ်သော အကျိုးထူးများကို မုချရရှိ ခံစားနိုင်ကြမည့်အကြောင်းကို—

"ရေစစ်-ဆေး-ကျောင်း=အဟောင်းပြုပြင်၊ ပဉ္စင်အဋ္ဌ၊ သီလမည်သာ၊ ဤခြောက်ဖြာလည်း၊ ဒီဃာယုက-ပုညခေါ်ရိုး၊ ကျင့်တမျိုးတည့်........

အားကြိုးသမှု ဆောက်တည်ပြု,ကာ၊ယခုဒိဋ္ဌ၊ ဤဘဝ၌ သုခပွါးစည်၊ စည်းစိမ်တည်၍၊ သက်ရှည် ဘုန်းကြီး အံ့မပြီးအောင်၊ ဇွဲချီးလှူ.ဘောင်၊ ဘဝနောင်လည်း— အခေါင်မိမိုင်း၊ တုမဲ့နိုင်းသည်၊ ၊ ဖြစ်တိုင်းကျော်ရမည်ကိုကား........"

စသည်ဖြင့် **မဃဒေဝ** လင်္ကာအရ-ထင်ရှား သိသါလှပေသည်။

သို့ဖြစ်၍ ရှေးဟောင်း,ပုထိုး စေတီအမျိုးမျိုးနှင့် ရှေးဟောင်း အဆောက်အဦများကို ကြိုးစားပြုပြင်သော ကောင်းမှုကုသိုလ်များနှင့် ဒါန,သီလ သမထ ဘါဝနာစသေါ လောကုတ္တရာ

ကုသိုလ်ကောင်းမှုတည်းဟူသော လောကုတ္တရာ ရွှေအိုးရတနာကြီးများကို နောင်သံသရာ ဘဝ အဆက်ဆက်တွင် အကျိုးခံစားနိုင်ကြရန် သိုမှီးမြှုပ်နှံထားကြရာ၏။

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့ ကောင်းမွန်စွာ သိုမှီးမြှုပ်နှံရာ ဌာနတို့မှာ........

စေတိယမှိစ သံဃေဝါ၊
ပုဂ္ဂလေအတိထီသုဝါ၊
မာတရိ, ပိတရိစာပိ၊
အထော ဇေဋ္ဌမှိ, ဘာတရိ....

ဟူ၍၊ သုတ္တနိပါတ်နိဓိကဏ္ဍ၌ လာသည့်အတိုင်း၊

(၁) ဘုရားပုထိုး စေတီအမျိုးမျိုး၊
(၂) အရိယာနှင့် သမုတိထေရ် သံဃာများ၊
(၃) သဒ္ဓါကြည်ညို–ပုဂ္ဂိုလ်များ၊
(၄) မျက်မြင်ရှေ့မှောက်သို့ လာရောက်ကြသော ဧည့်သည်များ၊
(၅) မွေးသည့် မိခင်ကျေးဇူးရှင်၊
(၆) ကျေးဇူးများဖြင်၊ မွေးဘခင်၊
(၇) အရွယ်အသက် ကိုယ်ထက်ကြီးမား ပုဂ္ဂိုလ်များ၊
(၈) အစ်ကို=အမ-ဦးကြီးဦးလေး- မိကြီးမိထွေးတို့ ဖြစ်သည်။ ဤ သိုမှီးမြှုပ်နှံရာတို့ကား လောကုတ္တရာ

ရတနာရွှေအိုး အမျိုးမျိုးကို ဓမြလူဆိုးတို့ မခိုးမဝှက်နိုင်အောင် မြှုပ်ထားရာတို့ဖြစ်၏။

သာဓကတရပ်ကို ဖေါ်ပြလိုပါသေးသည်၊

အတ္ထဒဿီဘုရားရှင်လက်ထက်တော်အခါ**"ကေုဒါနီယ"** မထေရ်အလောင်းသည် နတ်စစ်သူကြီး ဖြစ်လေ၏။ ကစား မြူးတူးအပျော်ကြူးနေသဖြင့် အတ္ထဒဿီဘုရားရှင် သက်တော် ထင်ရှားရှိစဉ်က အပျော်ကြူး၍နေသောကြောင့် မဖူးမတွေ့ ရဘဲရှိလေ၏။ ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးနောက်၊ နတ်စစ်သူကြီးသည်၊ ကုသိုလ်ကောင်းမှု **မပြုလိုက်ရလေခြင်း** ဟု ကြီးစွာငိုကြွေး ပူဆွေးလျက် နောင်တ, တဖန်ပူပန်နေလေ၏။

ထိုအခါ **"သာဂရ"** မည်သော ရဟန္တာ မထေရ်မြတ် သည်၊ နတ်စစ်သူကြီးကို ဤသို့မိန့်လေ၏။

"အို-နတ်စစ်သူကြီး .. မျက်နှာမရွှင်၊ မကြည်လင်ဘဲ မနေသင့်— ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသော ဘုရားရှင်၏ ဓါတ် တော်များကို တည်ထားကော်ရော် ပူဇော်ကိုးကွယ်ခြင်းကို ပြုပါလေ......."

ဘုရားသခင်၏ ဓါတ်တော် အများအပြားကို ကိုးကွယ် သမှု ပြုပါလျှင် ဘုရားရှင်အား ပူဇော်ကိုးကွယ်ရသည်နှင့် ထပ်တူ ထပ်မျှ အကျိုးရရှိပေသည်...." ဤသို့ဟောကြားလေ၏။

နတ်စစ်သူကြီးသည်၊ ဘုရားရှင်၏ ဓါတ်တော်များကိုဋ္ဌင်း ဓါတ်တော်များစုဝေးရာအဖြစ်နှင့် စေတီတည်ခြင်းကိုဋ္ဌင်း၊ ၅-နှစ် ကြာမျှ ကိုးကွယ်ဆည်းကပ်၍၊ စုတိလေရာ ဂေါတမဘုရားရှင်

သာသနာတော်အတွင်း၌၊ **"ကောဒါနီယ"** မည်သော မထေရ် တပါး ထင်ရှားဖြစ်တော်မူခဲ့လေ၏။

ဤထေရာပဒါန် အဋ္ဌကထာ ကျမ်းထွက် ကောဒါနီယ မထေ၏အလောင်း နတ်စစ်သူကြီး ဖြစ်စဉ်ကကဲ့သို့ရင်း၊

စေတီ—သံဃာ=စသော သိမ့်မြုပ်နှံရာ ဌာနတို့ကိုရင်း၊ ထောက်ထားဆင်ခြင်လျက်... ....

မင်းရဲရန္တမိတ် မင်းတရား .. တည်ထား ကိုးကွယ်တော် မူခဲ့သော ဓါတ်မွေသာရီတို့၏ ကိန်းဝပ်ရာ ငါးထပ်ကြီး ဘုရားကို ပွါးများသဒ္ဓါ သက်ဝင်ယုံကြည်စွာဖြင့် ကောင်းစွာပူဇော်နိုင်ကြ ရာ၏။

ဂေါပကအဖွဲ့ဝင်များ၏ကြိုးပမ်းချက်ဖြင့် အရပ်ရပ်သော အဆောက်အဦများကို ပြည်သူတို့၏ ရက်ရောထက်သန်လှသော ကောင်းမှုရှင်-စေတနာရှင်ပါရမီရှင်တို့ ကြည်လင်ဝမ်းမြောက်စွာ ဆောက်လုပ်လှူဒါန်းကြသော ဗုဒ္ဓပူဇာ မင်္ဂလာကုသိုလ်ထူး တို့ကို အသီးသီးတာဝန်ယူ၍၊ဆောင်ရွက်ကြသည်အတွက် နောင်မမေ့ နိုင်သော မင်္ဂလာကျိုးပြု အထိမ်းအမှတ်ကြီးများပင် ဖြစ်ပါ သတည်း........

# ဓမ္မသံဝေ-ရယူစေခြင်း။

ဤငါးထပ်ကြီးဘုရားသမိုင်းကို ပြည့်စုံစွာရှိသင့်သလောက် ရှိပြီဟု ယူဆလျက် **သီတင်းကျွတ်လအခါ** ဓမ္မသံဝေဂ,တရား ပွါးများရန်။ ဤသမိုင်းတွင် အောက်ပါအတိုင်း ဖေါ်ပြလိုပါ သေးသည်။

" ဝဿံဝုဋ္ဌာဝယောဝုဒ္ဓါ-
ဇိဏ္ဏာ မရဏသန္တိကာ၊
ဇီဝိတံနာဂတေရသာ
ဘဒ္ဒေါနတာ သုဝေ သုဝေ။ ။

ဘောန္တော....အိုစာရှုသူအပေါင်း သူတော်ကောင်းတို့—ဝဿံဝုဋ္ဌာ=အချိန်ယိုယွင်း၍၊ သီတင်းတခါကျွတ်ခဲ့ရပြန်လေပြီ။

ဝယောဝုဒ္ဓါ—အရွယ်ရင့်ကြီး၍၊ စိပ်ပုတီးကိုင်ဖို့ အချိန် တိုင်ခဲ့လေပြီ။ ဇိဏ္ဏာ=ဇရာတပ်ကြီးတွေနှင်း၍၊ အိုမင်းရင့်ရော် ခဲ့လေပြီ။ မရဏသန္တိကာ—သေရမည့်ဘေးကြီးနှင့် မဝေးခရီး အပုံကြီး နီးကပ်၍ လာခဲ့ပေပြီ။

အနာဂတေ-သွားရမည့်လမ်း ရှေ့စခန်း၌၊ ဇီဝိတံ—အသက်ရှည်ရှည်နှင့် ကြည်ကြည်လင်လင် နေရခြင်းငှါ၊ ရသာ၊ တွေးမိတိုင်း, ငိုရအောင်, တို၍ တို၍ လာခဲ့လေပြီ။ သုဝေ သုဝေ နေ့တိုင်း နေ့တိုင်း (ဝါ) နေ့စဉ် နေ့စဉ် ဘဒ္ဒေါနတာ—ပျက်စီး ရမည့်အချိန်ပိုင်းသို့ ကိုင်း၍ ရှိုင်း၍သာ လာခဲ့ပေပြီတကား။

'ပုနပ္ပုန့်ဝေ, ဝပ္ပန္တိဗီဇံ-
ပုနပ္ပုန့် ဝဿတိဒေဝရာဇာ၊
ပုနပ္ပုန့် ခေတ္တံ ကသန္တိ ကဿကာ-
ပုနပ္ပုန့် ဓည မုပေန္တိကောဋ္ဌံ။ ။ "

ဘောန္တော.... အိုစာရှုသူအပေါင်း သူတော်ကောင်းတို့ ပုနပ္ပုန့်–အဖန်ဖန်(ဝါ) နှစ်တိုင်း နှစ်တိုင်း၊ ဝေ၊ ရှောင်လွှဲခြင်းငှါ မတတ်သာဘဲ အမြဲကေန်ပင်လျှင်၊ ဗီဇံ–စပါး မျိုးစေ့ကို၊ ဝပ္ပန္တိ စိုက်ပျိုးကြကုန်၏။

ဒေဝရာဇာ-ရှင်မိုးမင်းသည်လည်း ပုနပ္ပုန့်-အကြိမ်ကြိမ် (ဝါ) နှစ်တိုင်း နှစ်တိုင်း၊ ဝဿတိ၊ ရွာသွန်းရလေ၏။

ကဿကာ-တောင်သူလယ်သမားကြီးတို့သည်၊ ပုနပ္ပုန့်-အဖန်ဖန်(ဝါ) နှစ်စဉ် နှစ်စဉ် ခေတ္တံ လယ်ကွင်းကို ကသန္တိ-ထွန်ကြ ယက်ကြရလေကုန်၏။

ပုနပ္ပုန့်- အဖန်ဖန် (ဝါ)နှစ်စဉ် ဓညံ-စပါးကို၊ ကောဋ္ဌံ ကျီတွင်းသို့၊ ဥပေန္တိ–သွင်းထားကြလေကုန်၏။

" ယာဝဗျာတိ နိမ္မိသတိ-
တတြာပိ ရသတိဗ္ဗယော၊

ယာဝ=အကြင်မျှလောက် ဗျာတိ မျက်စိဖွင့်၏။ ယာဝ-အကြင်မျှလောက်၊ နိမ္မိသတိ -မျက်စိမှိတ်၏။ တတြာပိ–ထိုမျက်စိတဖွင့်၊ မျက်စိတမှိတ်သော ကာလကလေးအတွင်းမှာပင်သော်လည်း ဝယော-အသက်အရွယ်သည်၊ ရသတိ တို့ရှုတို့ရှုနေသည် သာလျှင်တည်း။

ဤသို့လျှင် အင်းဝနေပြည်တော် မင်းရဲရန္တမိတ် အမည်ရသော ဘဝရှင်မင်းတရားသည်၊ ရှေးဦးစွာ တည်ထားကိုးကွယ်တော်မူခဲ့ရာ— ရာဇဝင်ခေတ်တလျှောက် မင်းအဆက်ဆက်နှင့် ယခုမျက်မှောက်ခေတ်တိုင်အောင် ကျော်စောထင်ရှားလှသော တန်ခိုးကြီးဘုရားများတွင် ငါးထပ်ကြီး့ဘုရားတဆူ အပါအဝင် ပေါ်လွင်တော်မူခဲ့ပေသည်။

ငါးထပ်ကြီးဘုရားကို စောင့်ရှောက်ပူပြင်၍ လာခဲ့ကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည်၊ တခေတ်မှသည်တခေတ်သို့ လက်ဆင့်ကမ်းလှမ်းကာ ပူပြင်မွမ်းမံလာခဲ့ကြသဖြင့်၊ ဖူးရ၊ တွေ့ရ ဖူးမြင်ကြရသူတို့မှာ မရောင့်ရဲနိုင်အောင် ထူးကဲစေတနာ ဖြစ်ပေါ်၍လာခဲ့ကြရပေပြီ၊

ငါးထပ်ကြီးဘုရား ဂေါပကအဖွဲ့ဝင် လူကြီးမင်းတို့သည်၊ ဤဘုရားကြီး၏ တိုးတက်ရာ၊ တိုးတက်ကြောင်းများကို ဆောင်ရွက်ခဲ့ပြီးလည်းဖြစ်၍၊ ယခုအခါ ဆောင်ရွက်နေဆဲလည်း ဖြစ်လေသည်။

ရှေ့သို့လည်း " တဆင့်ထက်တဆင့် မြင့်ထက်မြင့် " ဆိုသကဲ့သို့ ဆထက်ထမ်းပိုး တိုး၍ တိုး၍သာ ဆောင်ရွက်သွားကြလိမ့်မည်ဟု ယုံကြည်စွာ မြှော်လင့်ကြိုဆိုလျက်ပင် ဤသမိုင်းကို၊ နိဂုံးချုပ်လိုက်ရပါပေသတည်း—

* * * *

# " နိဂုံး "

(၁) နှစ်ဆယ်ရှစ်စွန်း၊ ကောဇာသွန်း၊ ရည်သွန်း ထောင့်သုံးရာ။

(၂) လမြတ်နွယ်တာ၊ ဒု-လ မှာ၊ အသ်ာနဝင်းဖြာ၊

(၃) ဆုတ်သုံးရက်နေ့၊ ကြွက်မင်းမွေ့၊ ဓလေ့စဉ်အလာ၊

(၄) ဝါဆိုသက်နှင်း၊ ဆီ,မီးပန်း၊ လှူဒါန်းချိန်အခါ၊

(၅) အစ,အဆုံး၊ ကမ္ဘတ်ဖုံး၊ နိဂုံးချုပ်လေတာ၊

(၆) "ဝေဠုဝန်" ခေါ်၊ အမည်တော်၊ ပြည်ကျော်သိမ့်သိမ့်ညာ၊

(၇) "ငါးထပ်ကြီးဘုရား" လွန်ထင်ရှား၊ အများကိုးကွယ်ရာ၊

(၈) ဤစာပြုရ၊ မြတ်ပုညကြောင့်၊ ဘဝ,သခၡ်၊ လွန်လေသီးသီး၊ ဂုဏ်မညီး၊ ဆုကြီးပညဝါ။

(၉) "ငါးထပ်ကြီး" ဟု ဝှဲချီးပြန့်လှိုင်း၊ ဤသမိုင်းကို၊ ဂိုဏ်းလယ်တီနွယ်၊ ဆိုလောက်ဖွယ်လျှင်၊ နိကါယ်ပါဠိ၊ **ဓမ္မာစရိယ**၊ ဘွဲ့ရ **ပထမကျော်**၊ ထုတ်ဖော်ရေးဆက်၊ စာတမ်းထွက်ဖြင့်၊ နှစ်သက်စေရာ၊ လက်ာစကားပြေ၊ နှစ်ပေ ရောပြွမ်း၊ လျှောက်ချီးမွမ်း၍၊ မှိုငြမ်းရေးထုံး၊ ဖွဲ့စီကုံးသည်၊ ကျွန်းလုံး, ကမ္ဘာ့တည်စေသော်........။

**ဤတွင် ငါးထပ်ကြီးဘုရား သမိုင်း၊**

**ပြီး ပြီ။**